ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957
e – paper ဖတ်ရှုရန်

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 8 July 2026 ၁၂၂၇

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား မိမိတို့အစိုးရတာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ဆောင်ရွက်သွားနိုင်သည်များကို လေ့လာသုံးသပ်ဆန်းစစ် အဖြေရှာဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့်ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

### ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

စာမျက်နှာ » ၅

### ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ကျင်းပ

စာမျက်နှာ » ၇

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံ့ရွာသို့ဆက်သွယ်ထားသည့် လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည် စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်



ကလေးဝမြို့သို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် ကလေးဝ-မုံ့ရွာသို့ဖြတ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အထိ ကုန်သွယ်မှုပြုလုပ်နိုင်သည့် ကလေးဝ-ယာကြီး-မုံ့ရွာလမ်းပိုင်းအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရန် တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ဇွန် ၂ ရက်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းပိုင်းအား အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

## ငဖဲမြို့နယ်၌ ဖူးစားပြောင်းနှင့် နှံစားပြောင်း ၂၉၉ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၄၅၉ ဧကနှင့် နှံစားပြောင်း ၁၃၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လဆန်းမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဖူးစားပြောင်း ၂၃၈ ဧကနှင့် နှံစားပြောင်း ၆၁ ဧက စုစုပေါင်း ၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ☀

### အနာဂတ်မြို့ပြကျန်းမာရေးနှင့် သန့်ရှင်းသာယာသော လူနေမှုပတ်ဝန်းကျင်အတွက် ဘက်စုံပိုးမွှား အန္တရာယ်နှိမ်နင်းရေး

ဆောင်းပါး

စာမျက်နှာ » ၁၀

## မြောင်းမြမြို့ ရွှေးမြစ်ကမ်းဘေးရှိ ရပ်ကွက်များ၌ သဘာဝဘေးအန္တရာယ်သတိပြုနေထိုင်ရန် ဆော်ဩ

မြောင်းမြ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ရွှေးမြစ်ကမ်းဘေးရှိ ရပ်ကွက်များတွင် နေထိုင်ကြသည့် ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သိရှိနိုင်ရန် ဆော်ဩခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

မြောင်းမြမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ လမ်းညွှန်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေဆန်းလင်းက

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ကြေးမုံ

# ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး တိုးတက်အောင်မြင်မှုများဖြစ်ထွန်း

နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဇွန် ၁၇ ရက်တွင် ရှမ်းပြည်နယ် မိုင်းလားမြို့သို့သွားရောက်ပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ သွားရောက်ပြီး "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)ဒုတိယဥက္ကဋ္ဌနှင့် အဆင့်မြင့်ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် နေပြည်တော်၌ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီဝင်များနှင့်လည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် နေပြည်တော်၌ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍လည်း NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လက်မှတ်မရေးထိုးရသေးသောအဖွဲ့များနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် လက်နက်ကိုင်ပဋိပက္ခများ လျှော့ချရေးနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် အလေးထားဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လမ်းကြောင်းမှ သွေဖည်သွားသည့်အဖွဲ့များ၊ NCA တွင် လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြရာတွင် ပြည်ထောင်စုကြီးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ ဒေသတွင်း၌ ပဋိပက္ခများမဖြစ်ပွားစေရေးအတွက် လက်အောက်ခံအဖွဲ့များအား စနစ်တကျထိန်းသိမ်းပေးနိုင်ရေး၊ နှစ်ဖက်သဘောတူ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် နည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယခုလက်ရှိ တွေ့ဆုံဆွေးနွေးခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် ပကတိအမြင်ရိုးသားမှုဖြင့် မှန်ကန်ကောင်းမွန်စွာ ဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးကိုလိုလားသည့် ဖြူစင်သောသဘောထားများဖြင့် ဆွေးနွေးခဲ့ကြရာ ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးတော့ဟု ဆိုနိုင်သည်။

နိုင်ငံတော်သမ္မတအနေဖြင့် အစိုးရသစ်၏လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အလေးထားအသိအမှတ်ပြုကြသည်။ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစိုက်မတ်မတ်ပါဝင်လျှောက်လှမ်းလျက် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့အပြင် တန်းတူရေးကိုအခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေး၊ ယုံကြည်မှုကို ထိခိုက်စေသည့် ဖြစ်စဉ်များအပေါ် သင်ခန်းစာယူပြီး ထပ်မံမဖြစ်ပွားအောင် အလေးထားဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပစ်ခတ်တိုက်ခိုက်မှုမဖြစ်ပွားရေးစသည်တို့ကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြသည်။ သို့ဖြစ်ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို နှစ်ဖက်အလေးထားဆောင်ရွက်နိုင်ခဲ့သော ရလဒ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ သိသာထင်ရှားစွာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။ ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

လူဦးရေအချက်အလက်များကို အခြေခံလို့၊ ဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ကို တည်ဆောက်စို့

Building Myanmar's Developed Future Through Population Data

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

## (၇-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၁ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၇ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၃၁၄,၈၄၉.၆၄ | ၄၉,၂၆၈,၃၁၅.၀၄ | ၄၈,၀၇၃,၅၄၆.၆၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဂျုံ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈၄၄၂.၂၅ ကို ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

၇-၇-၂၀၂၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ၇ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၉၀ | ၃,၃၈၈,၀၀၀ |
| MTSH | ၈,၇၀၀ | ၈,၆၀၀ | ၃,၂၇၁ | ၂၈,၀၁၁,၄၀၀ |
| MCB | ၁၄,၀၀၀ | ၁၃,၅၀၀ | ၂၄၀ | ၃,၂၈၄,၅၀၀ |
| FPB | ၇,၁၀၀ | ၇,၂၀၀ | ၇၀၀ | ၄,၉၈၀,၀၀၀ |
| TMH | ၃,၉၀၀ | ၃,၉၀၀ | ၁၀ | ၃၉,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၅၀ | ၂,၃၂၀ | ၄,၆၄၁,၉၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၂၃ | ၄၉၂,၀၀၀ |
| MAEX | ၆,၅၀၀ | ၆,၄၀၀ | ၁,၆၄၆ | ၁၀,၅၃၅,၄၀၀ |
| MADPL(PLB) | ၇,၂၀၀ | ၇,၀၀၀ | ၅၃ | ၃၈၁,၂၀၀ |
| ASPGB(PLB) | ၆၃,၀၀၀ | ၆၁,၀၀၀ | ၁၂၈ | ၇,၉၃၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လို**

ဦးစွာနိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်**ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်သည်မှာ သုံးလတာကာလအတွင်းသို့ ရောက်ရှိလာပြီးဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများတိုးတက်မှုအခြေအနေများကို လစဉ်ဆန်းစစ်သုံးသပ်ဆောင်ရွက်နေရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးပြီး မိမိတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့် ဝယ်လိုအားများမမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုစရိတ် ကြီးမြင့်ရခြင်းသည်လည်း ငွေကြေးတန်ဖိုး ပြောင်းလဲမှုများကြောင့်ဖြစ်သည့် အကျိုးဆက်များကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်မားစေရေးအတွက် ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ တိုးတက်များပြားလာမှသာ ပို့ကုန်ပစ္စည်းများရရှိပြီး ထိုမှတစ်ဆင့် ရရှိသည့်နိုင်ငံခြားငွေများဖြင့် သွင်းကုန်များကို တင်သွင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ဝင်ငွေနှင့်ထွက်ငွေများမျှတနေမှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ မြင့်မားလာစေရေး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊** ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးရေး ပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်မှု လျော့နည်းခဲ့ကြောင်း၊ အဓိက သီးနှံဖြစ်သည့် ဆန်တင်ပို့မှုလျော့နည်းခဲ့သကဲ့သို့ အခြားစိုက်ပျိုးသီးနှံအချို့ တင်ပို့နိုင်မှုလျော့နည်းခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပို့ကုန်များ အရေအတွက်များများ ထုတ်လုပ်တင်ပို့နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် မိမိတို့နိုင်ငံ၏အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်တင်ပို့မှုကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း။

**စက်သုံးဆီနှင့်စားသုံးဆီများ ပြည်ပမှ တင်သွင်းမှုနှင့် သုံးစွဲမှုလျှော့ချနိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရန်လို**

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေး **အတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ**ကြောင်း၊ သို့ဖြစ်၍ **သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန် လို**ကြောင်း၊ အလားတူလုပ်ငန်းများ အောင်မြင်မှုရှိစေရေးအတွက် ကာလတိုဆောင်ရွက်ခဲ့သည့် သုတေသနများနှင့် ကာလရှည်ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေသုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို နှစ်စဉ်ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများ များစွာသုံးစွဲရလျက်ရှိကြောင်း၊ **စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်**သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ **သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်သုံးဆီသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် မီးရထားခရီးစဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲခြင်း၊ ရထားလမ်းများနှင့် မီးရထားများအဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်**ရှိကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ဘက်ထရီစနစ်သုံးရထား စက်ခေါင်းများကို တပ်ဆင်ထုတ်လုပ်အသုံးပြုလျက်ရှိပြီး ထပ်မံ၍လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံစီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း။

**မိမိတို့နိုင်ငံသည် စပါးကိုအဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဆန်စပါး ကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့်ဖွဲနုများမှ ဖွဲနုဆီများကိုထုတ်လုပ်ရရှိနိုင်**ကြောင်း၊ ထို့ကြောင့် **ပြည်တွင်းဖွဲနုဆီများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးဖိတ်ခေါ်ဆောင်ရွက်သွားရန်** လိုကြောင်း၊ အလားတူ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီစက်များဖြင့် ကြိတ်ခွဲနိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိစေရေး အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဆီအုန်း စသည့် ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်လာစေရေး စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းရှင်များအတွက် လိုအပ်သည့်အားပေးကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးရန် လိုကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်း တိုးတက်အောင် သုတေသနပြုလုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်သည်မှ ပြည်တွင်း၊ ပြည်ပဈေးကွက် လိုအပ်ချက်များအထိ (Supply Chain) တစ်ခုလုံးကိုသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ သုတေသနပြုခြင်းကို စနစ်တကျဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

**တရားမဝင် ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် အခြေခံစားကုန်များဖြစ်သည့် အသား၊ ငါးနှင့် မီးဖိုချောင်သုံးသီးနှံများကို ဈေးကွက်လိုအပ်ချက်များ အများအပြားရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အဆိုပါဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ သို့သော်လည်း အချို့သောလမ်းကြောင်းများနှင့် ဒေသများ၌ လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် အပြည့်အဝ တင်ပို့နိုင်ခြင်းမရှိကြောင်း၊ **ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန် လိုပြီး တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်**ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ကုန်ပစ္စည်းများကို မှောင်ခိုသွင်းခြင်း၊ တင်ပို့ခြင်းများ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့်အခွန်အခများ မရရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိသည့် ကုန်ပစ္စည်းများကို ပြည်သူများသုံးစွဲနေကြရခြင်းတို့ကို ကြုံတွေ့ခဲ့ကြရသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း အဂတိမှုများကို ကျူးလွန်ခဲ့ကြသည်ကိုတွေ့မြင်ရကြောင်း၊ **ကုန်ပစ္စည်းများကိုတရားမဝင်ရရှိထားသည့် ငွေကြေးများဖြင့် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှု ပြုနေခြင်းကို မိမိတို့အနေဖြင့် လက်ခံ၍ရမည်မဟုတ်**ကြောင်း၊ ဝိသမလောဘသမားများ၏ စီးပွားရေးအရ ဈေးကွက်ကစားနေမှုများကို မိမိတို့အနေဖြင့် တရားဝင်ကုန်သွယ်မှုဖြင့် တိုက်ဖျက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌ ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာအောင် အားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာအရလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကလည်း လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျ ဖြစ်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် လိုကြောင်း။

❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရ၏တာဝန်ဖြစ်ပြီး မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုလည်းလိုအပ်

❖ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများနှင့် စီမံချက်များချမှတ်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များသည် အဓိကကျ၊ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြသည့်ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်နှင့် ကိုက်ညီမှုရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လို

❖ စက်သုံးဆီနှင့် စားသုံးဆီများကို တင်သွင်းမှု လျှော့ချနိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လို

❖ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန် ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်

❖ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တရားဝင်ကုန်သွယ်မှုများဖြစ်ရန်နှင့် စနစ်တကျစစ်ဆေးကြပ်မတ်ကွပ်ကဲသွားရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်

**လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ် EV ကားများအား ပြည်တွင်း၌ အလုံးစုံ တပ်ဆင်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်**

**လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် EV ကားများနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းအစား ပြည်တွင်း၌ အစမှ အဆုံး အလုံးစုံတပ်ဆင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာများ ရရှိနိုင်မည်ဖြစ်**ကြောင်း၊ EV ကားများကို ပြည်တွင်း၌ အစမှအဆုံး အောင်မြင်အောင် ထုတ်လုပ်နိုင်မှသာလျှင် ပြည်သူများကုန်ကျစရိတ် သက်သာစွာဖြင့် အရေအတွက်များများ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း၊ EV ကားများအား ပြည်တွင်း၌ပင် အစမှအဆုံး အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ်ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့် စွမ်းရည်စွမ်းအားရှိသည့် ကလေးငယ်များ အဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်လို**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူ လူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးရန် လိုကြောင်း၊ ကျောင်းများအားလုံးအနေဖြင့် စံကိုက်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရန်လိုပြီး စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်သည့် ကလေးငယ်များဖြစ်စေရေး၊ သုတရသအသိအမြင်နှင့်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေး အတွက်လည်း အားကစားကွင်းများ၊ စာကြည့်တိုက်များအပြင် အခြားအခြေခံလိုအပ်ချက်များ ပြည့်မီနေရန်လိုကြောင်း၊ **ကလေးငယ်များအား အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဖြစ်စေလိုဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းစနစ်တကျရှိပြီး အခြေခံစိတ်ဓာတ် ကောင်းမွန်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့်ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးသွားကြရန်** လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

PDF အမည်ခံ အကြမ်းဖက်သမားများ လှုပ်ရှားလျက်ရှိသည့် အချို့ဒေသများတွင် ပညာရေးပိုင်းဆိုင်ရာများ၌ ယခင်ကထက် သိသိသာသာ အားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ အစကောင်းမှအနှောင်းသေချာမည် ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ အမှန်တကယ်တတ်မြောက်မှု ရှိစေရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီးများအနေဖြင့်လည်း မိမိတို့ဦးဆောင်ဦးရွက်ပြုကြရသည့် ကဏ္ဍများအလိုက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုပြီး မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ အကျိုးကို ထိထိရောက်ရောက်ဖော်ဆောင်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် Agro-Based Industry ကို မဖြစ်မနေ ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အတွက် အခြေခံအကျဆုံးနှင့် အဖြစ်နိုင်ဆုံး ကုန်ထုတ်လုပ်ငန်းတစ်ခု ဖြစ်သည့် MSME ကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ခရီးသွားကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန် လို**ကြောင်း၊ ဒေသအလိုက် ထုတ်လုပ်လျက်ရှိသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာနှင့် ဒေသထုတ်ကုန်ပစ္စည်းများသည်လည်း အရည်အသွေးမြင့် ကုန်ပစ္စည်းများ ဖြစ်ရန်လိုပြီး ထုပ်ပိုးမှုမှအစ အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝက ပေးထားသည့် ရေခံမြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး ရေထွက်ပစ္စည်းများကိုလည်း ပေါကြွယ်ဝစွာ ပိုင်ဆိုင်ထားရှိကြောင်း၊ သို့ဖြစ်၍ ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ခြင်းများ အပါအဝင် အခြားထုတ်ကုန် ပစ္စည်းအမျိုးမျိုးတို့ကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် အဆင့်မြှင့်တင် ဆန်းသစ်ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်နိုင်ငံများသို့ တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့ခြင်းမပြုဘဲ MSME လုပ်ငန်းများမှ တစ်ဆင့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့် ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ် ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းများဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖော်ဆောင်ရာတွင် ဒေသအလိုက် လုံခြုံရေး၊ သာယာလှပရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်ရုံသာမက စားသောက်နေထိုင်မှုနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးတို့ကိုပါ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်လို**


❖ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယခင်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်သင်ခန်းစာယူ၍ မိမိတို့တာဝန်ယူထားရသည့် ကာလအတွင်း မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်သွားနိုင်သည်များကို အမြဲလေ့လာသုံးသပ် ဆန်းစစ်အဖြေရှာ ဆောင်ရွက်သွားကြရန်လို**

PPIB News

**❍ တပ်မတော်စစ်ကြောင်းများမှ**

တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁ ရက်တွင် မြေနီကျေးရွာအား လည်းကောင်း၊ ဇူလိုင် ၂ ရက်တွင် စည်ပင်သာကျေးရွာအားလည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် မိုင်တစ်ရာတဲစု ကျေးရွာအားလည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် သဲကြမ်းတဲစုကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇူလိုင် ၇ ရက် ညနေပိုင်းတွင် ကလေးဝရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းနိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ - ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကလေးဝ- ကလေး -ဖလမ်း -ဟားခါး -ထန်တလန်သို့ လည်းကောင်း၊ ကလေးဝ-ကလေး-တီးတိန်-တွန်းဇံ-ကျီခါးသို့ လည်းကောင်း၊ ကလေးဝ - မုံရွာ - မြင်းမူ - စစ်ကိုင်း- မန္တလေးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပြီး ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်စည် စီးဆင်းမှုနှင့် ဒေသတွင်း ကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြု သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကလေးဝမြို့သို့ ရောက်ရှိလာသည့် တပ်မတော်စစ်ကြောင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ကလေးဝ-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု

တပ်မတော်စစ်ကြောင်းများသည် အဆိုပါ လမ်းကြောင်းတစ်လျှောက်၌ နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းများ၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့် ကျေးရွာများအားသိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ကလေးဝ - ယာကြီး-မုံရွာ လမ်းကြောင်းသည် ၁၁၅ မိုင် ရှည်လျားပြီး နိုင်ငံလွန်ကတ္တရာ အမျိုးအစား လမ်းဖြစ်ကာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုအတွက် အလွန်အရေးပါလှသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော တမူး-ကလေးလမ်းကြောင်းမှတစ်ဆင့် မုံရွာ - မန္တလေးလမ်းကြောင်းသို့ တိုက်ရိုက်ချိတ်ဆက်ပေးသောကြောင့် ကုန်စည်စီးဆင်းရန် အချိန်ကုန်သက်သာ၍ မြန်ဆန်ချောမွေ့လှသည့် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်နှင့် ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ထောင်ထားသည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းပိုင်းအတွင်း အကြမ်းဖက်များ ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားနေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြု သွားလာနိုင်ရေး လိုအပ်သည့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❖ မြောင်းမြမြို့မှ**

ဦးဆောင်၍ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရွှေးမြစ်ကမ်းဘေး အမှတ် (၅) ရပ်ကွက် လယ်ယာသုံးဈေးရှိ ရေယာဉ်ဆိပ်ကမ်းတွင် စက်လှေနှင့် သင်္ဘောများအသုံးပြုကာ မြစ်ကမ်းရိုးတစ်လျှောက် သွားလာနေသည့် အများပြည်သူများအနေဖြင့် သင်္ဘောတိမ်းမှောက်မှုများ ဖြစ်ပေါ်၍ ရေဘေးအန္တရာယ် ကြုံတွေ့လာပါက အသက်အန္တရာယ် ကာကွယ်နိုင်ရန် အသက်ကယ်အင်္ကျီများ ဆောင်ထားရန်၊ အသက်ကယ်အင်္ကျီမရှိပါကလည်း မိမိတို့အိမ်၌ အသုံးပြုပြီးဖြစ်သည့် ငါးဂါလန် ရေသန့်ဘူးအား အသက်ကယ်ပစ္စည်းအနေဖြင့် ဆောင်ထားရန်နှင့် တစ်လီတာ ရေသန့်ဘူးများအား အရှေ့လေးဘူး၊ အနောက်လေးဘူးစီ ကြိုးဖြင့် ချည်နှောင်ကာ အသက်ကယ်အင်္ကျီအဖြစ် အစားထိုးဝတ်ဆင် အသုံးပြုနိုင်ရန်တို့ကို အသိပညာပေးဟောပြော ဆော်ဩခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (ပြန်/ဆက်)**

**❊ ငဖဲမြို့နယ်မှ**

ငဖဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုး ရာသီတွင် ဖူးစားပြောင်းနှင့်နှံစားပြောင်း စိုက်ပျိုးသည့် တောင်သူများကို ပြောင်းစိုက်ပျိုးရန် ထယ်ရေးမပြင်မီ ပေါက်နေသော ပေါင်းမြက်များအား ပေါင်းသတ်ဆေး တစ်မျိုးမျိုးဖြင့် နှိမ်နင်းရှင်းလင်းရေး၊ မြေပြုပြင်ချိန်တွင် သဘာဝမြေဩဇာကို အချိုးကျ ထည့်သွင်းရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ဝယ်ယူစိုက်ပျိုးရေး၊ ပြောင်းသည် လေဖြင့်ဝတ်မှုန်ကူးသော အပင်ဖြစ်၍ အတန်းများအား လေသွားလမ်းကြောင်းကို ကန့်လန့်ဖြတ်ထား၍ စိုက်ပျိုးရေး၊ ရိတ်သိမ်းသည့်တိုင်အောင် နှစ်လခြားတစ်ကြိမ် ပေါင်းရှင်းရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ငဖဲမြို့နယ်တွင် ပန်ဖူးစားပြောင်းများကို လယ်မြေများနှင့်ကိုင်းမြေများတွင် ဟင်းသီးဟင်းရွက်များနှင့်အတူ ရာသီမရွေး စိုက်ပျိုးရောင်းချလျက်ရှိရာ အမြတ်အစွန်းပိုမိုရရှိသဖြင့် တောင်သူများ မိသားစုဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

### ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်များကို "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ တွင်ပါရှိသော "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ကို "ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ"ဆိုသည့်စကားရပ်ကို "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၅ တွင်ပါရှိသော "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင်ပါရှိသော "မေလ ၁၀ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့် (ခ) တို့တွင်ပါရှိသော "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ကို "နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ"ဆိုသည့် စကားရပ်ကို "အောက်တိုဘာလအတွင်းတွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ လ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့်စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "မတ်လ ၇ ရက်နေ့" ဆိုသည့်စကားရပ်ကို "စက်တင်ဘာလ ၇ ရက်နေ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁ ရက်နေ့" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၁ ရက်နေ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁ တွင်ပါရှိသော "မေလနောက်ဆုံးပတ်"ဆိုသည့်စကားရပ်ကို "နိုဝင်ဘာလနောက်ဆုံးပတ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က) တွင်ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။


---

**● မုတ်သုံလေမှ**

မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၆-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉-၇-၂၀၂၆ ရက်နေ့မှ ၁၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

---

## တောင်ငူမြို့ ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

တောင်ငူ ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကန်ရိုးကျေးရွာအုပ်စု ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း(၁)၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်သစ်၊ အသင်းသားစာရင်းစစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ကေတုမတီငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း(၁)ဥက္ကဋ္ဌ ဦးစောမွန်ထော်ခိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ နော်ဂျူစီဒေးဗစ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူများက အသင်းသားအသင်းသူများအား လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်စစ်ဆေးချက်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး ဒါရိုက်တာအဖွဲ့ဝင်သစ်နှင့် အသင်းသားစာရင်းစစ်တို့အား သမဝါယမအသင်းဥပဒေသစ်နှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့သည်။

**ဇော်ကိုကို(တောင်ငူ)**

## ကွန်ဟိန်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ကွန်ဟိန်း ဇူလိုင် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးတိုးချစ်အောင်က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**

☆ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သောအချက်များနှင့် စပ်လျဉ်းသည့်သဝဏ်လွှာအား လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC)တွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေနှင့် ၎င်းတို့၏ အမည်စာရင်းတို့ကို လွှတ်တော်၏အတည်ပြုချက်ရယူပြီး ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **"အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကိုထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်က ၂၀၂၂ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသည့် အစည်းအဝေးတွင် အာဆီယံအနေဖြင့် မြန်မာ့အရေးကို အဖွဲ့ဝင်နိုင်ငံများအား ကြိုတင်ချပြညှိနှိုင်းခြင်းမပြုဘဲ အစည်းအဝေးပြီးမှသာ ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲအဖြစ် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ဆိုပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် မရိုးသားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်မပြုအောင် အရေးယူပိတ်ဆို့မှုများဖြစ်အောင် အာဆီယံက UN အစည်းအဝေးတွင် ဖိအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ ဘုံသဘောတူညီချက်များကို လိုက်နာမှုစသည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ ဆောင်ရွက်ခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့ကြုံခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ချက်များကြောင့် အစိုးရကိုဆန့်ကျင်သည့် အဖွဲ့များအတွက် မျှော်လင့်ချက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတွင်း၌ အကြမ်းဖက်မှု၊ ဆူပူမှုများပိုမိုကြီးထွားလာပြီး ပိုမိုပျက်စီးစေခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ စီးပွားရေး၊ စစ်ရေး၊ အန္တရာယ်အများဆုံးနှင့် နိုင်ငံ၏ရေစီးကြောင်း အကြမ်းဆုံးအချိန်၊ လှိုင်းကြီးလေထန် ရေစီးသန်လည်း အားမာန်မလျှော့ ဇွဲမလျှော့ဘဲ အသိသတိကြီးမားစွာဖြင့် နိုင်ငံကို ပြိုလဲမသွားအောင် နိုင်ငံ့အကြီးအကဲများ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့်နိုင်ငံတော်၏ ခက်မသုံးဖြာ အာဏာကြီးသုံးရပ်ကိုပိုင်းခြားကျင့်သုံး၍ စီမံအုပ်ချုပ်နေကြပြီဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅) ရပ်ကို ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးသက်သက်မဟုတ်ဘဲ ဒေသတွင်းတည်ငြိမ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ဒုက္ခသည်ပြဿနာ(စစ်ဘေးရှောင်များ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မှု)နှင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ရိုက်ခတ်လာသည်ဟုဆိုကာ အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကိုချမှတ်ပြီး ပြည်တွင်းရေးတွင် ကြားဝင်ကိုင်တွယ်စွက်ဖက်သည့်ပုံစံမျိုး ကျော်လွန်ကာလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံပဋိညာဉ်စာချုပ် အခန်း(၇) ပုဒ်မ(၂၀) (က) အာဆီယံ၏ အခြေခံလုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အားလုံးကို အဖွဲ့ဝင်နိုင်ငံ(၁၀) နိုင်ငံလုံး၏ "တူညီဆန္ဒ (Consensus)" ဖြင့်သာ ချမှတ်ရမည်ဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

ယခုအခါ မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော်လည်း အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစိုးရကို လေးစားမှုရှိရန် လိုအပ်သည်ကိုလေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်နှောင့်ယှက်နေမှုများအပေါ် ပြန်လည်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေမှန်များ၊ နိုင်ငံတော်၏ ဥပဒေကြောင်းအရ ရပ်တည်ချက်များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပြင်ပဖိအားများအပေါ်အခြေခံကာ ချမှတ်ခဲ့ခြင်းမျိုးဖြစ်နေသည်ကို စိတ်မကောင်းစရာတွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ အပိုဒ်(၂) အပိုဒ်ခွဲ (၁)၌ "ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင်အခြေခံ၍ဟု" လည်းကောင်း၊ အပိုဒ်ခွဲ(၇)တွင်လည်း "နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့် အာဏာအတွင်း၌ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရ"ဟု ဖော်ပြထားချက်များနှင့်လည်း ကိုက်ညီမှုမရှိ ကျော်လွန်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁)တွင် ပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်သည်"၊ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်" ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည် ဖြစ်ပါကြောင်း။

မြန်မာ့အရေးကို မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံအစိုးရကသာဦးဆောင်ဖြေရှင်းမည်ဟူသော ရပ်တည်ချက်အား အာဆီယံမှသိရှိနိုင်စေရေးကိုရည်ရွယ်လျက် အဆိုအား လေးနက်စွာ ထောက်ခံဆွေးနွေးသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းက အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်စဉ်ကတည်းက အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလေးစားခြင်း၊ ပြည်တွင်းရေးကိုမစွက်ဖက်ခြင်း၊ တန်းတူညီမျှမှုနှင့် တူညီဆန္ဒအခြေခံဆုံးဖြတ်ခြင်းတို့ကို အာဆီယံအဖွဲ့၏ မူလအခြေခံစံနှုန်းများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အာဆီယံ၏ အခြေခံမူများနှင့် တန်းတူညီမျှမှုသည် အဖွဲ့ဝင်နိုင်ငံအားလုံးကို အချုပ်အခြာအာဏာ တန်းတူညီမျှသော နိုင်ငံများအဖြစ် အသိအမှတ်ပြုပြီး တန်းတူအခွင့်အရေးနှင့် တန်းတူတာဝန်များကို အာမခံထားသော မူလအခြေခံစံနှုန်းများပင်ဖြစ်ပါကြောင်း၊ သို့ရာတွင် အာဆီယံ ASEAN Five–Point Statement သည်မြန်မာနိုင်ငံအတွက် သီးခြားသတ်မှတ်ထားသော နိုင်ငံရေးဆိုင်ရာလုပ်ဆောင်ချက်များကို အလေးပေးထားခြင်းကြောင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များအပေါ် အာဆီယံက တိုက်ရိုက်သက်ရောက်စေရန် ကြိုးပမ်းသည့်သဘောဆောင်လာပါကြောင်း၊ ယခုအချက်သည် အာဆီယံပဋိညာဉ် အပိုင်း(၂)တွင် ဖော်ပြထားသည့် ပြည်တွင်းရေးမစွက်ဖက်မှုမူနှင့် တန်းတူညီမျှမှုမူတို့အပေါ် မေးခွန်းထုတ်စရာဖြစ်လာစေပါကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၂ ခုနှစ် ကာလနှင့်အခြေအနေချင်း များစွာကွာခြားလျက်ရှိသည်ဟူသော မြေပြင်ပကတိစိစစ်ချက်ကို အာဆီယံက သိမြင်လက်ခံရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် လွှတ်တော်သည် မြန်မာပြည်သူတို့၏ဆန္ဒအရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေမှန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးပါဝင်မှုကို အပြုသဘောဖြင့် အသိအမှတ်ပြု၍ လေးစားတန်ဖိုးထားရန်လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ)ဦးတင်ဦးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်အား မြန်မာနိုင်ငံအနေဖြင့် မဖြစ်မနေလိုက်နာ ဆောင်ရွက်စေရန်ဖိအားပေးအကျပ်ကိုင်သည့်အနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အာဆီယံပါလီမန်များဆိုင်ရာညီလာခံများစသည့် အရေးပါသည့် အစည်းအဝေးကြီးများကို တက်ရောက်ခွင့်မပြုဘဲ ပိတ်ပင်ကန့်သတ်ခွဲခြားဆက်ဆံလာခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံရေးအသွင်ပြောင်းနိုင်မှုကို အသိအမှတ်ပြု ကြိုဆိုလက်ခံလာသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ယနေ့အထိ မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံနှင့်ရပ်တည်ချက်များသည် တစ်စုံတစ်ရာပြောင်းလဲခြင်းမရှိသေးသည်ကို စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယခုကဲ့သို့ပြောဆိုလုပ်ကိုင်မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံရေး အရွေ့အပြောင်းကို မျက်ကွယ်ပြုပြီး ရွေးကောက်ပွဲကိုသာမက ရွေးကောက်ပွဲအရ ပေါ်ပေါက်လာသည့် လွှတ်တော်အသီးသီးနှင့် လွှတ်တော်က ရွေးချယ်တာဝန်ပေးလိုက်သည့် နိုင်ငံတော်အစိုးရကိုပါ ဂုဏ်သိက္ခာမဲ့စွာပြောဆိုကြခြင်း ဖြစ်ပါကြောင်း။

ယင်းသည် အာဆီယံ၏အခြေခံမူဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ်စာချုပ်တွင်ပါသည့် "နိုင်ငံရဲ့ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှု၊ ညီမျှမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားရေးအခြေခံမူ" များကို ဖောက်ဖျက်နေခြင်း ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အလုပ်မဖြစ်တော့သည့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို စွန့်လွှတ်ပြီး မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှုကို အမြင်သစ်နှင့် ထိတွေ့ချဉ်းကပ်မှုအသစ်များကို ပြောင်းလဲကျင့်သုံးချိန်တန်ပြီဟု အကြံပြုတိုက်တွန်းလိုကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က အာဆီယံဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အစဉ်အလာကောင်းများချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းလုံးညီညွတ်မျှတစွာ ဆောင်ရွက်နိုင်သည့် ကမ္ဘာက လေးစားရသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ်ဖိအားပေး အစည်းအဝေး တက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးခြင်းများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ ဂုဏ်သိက္ခာကို စော်ကားနှိမ့်ချခြင်းသာဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်း၍ ငြိမ်းချမ်းရေးရစေရန်ဆိုသော ကောင်းမွန်သည့် အကြံပြုချက်ဟု သာမန်အားဖြင့် ယူဆနိုင်သော်လည်း နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားမှု၊ နိုင်ငံတိုင်းအား ပြည်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုမှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများ ကင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်ခွင့်ရှိမှု၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့်အချက်များနှင့် မကိုက်ညီဘဲ အာဆီယံ၏အခြေခံမူများနှင့်လည်း သွေဖည်နေသည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်ချပြခြင်းမရှိဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ ကြေညာချက်နောက်ဆက်တွဲတွင် ဖော်ပြခဲ့ခြင်းဖြစ်သောကြောင့် တန်းတူညီမျှမှုရှိသည့် ဘုံသဘောတူညီချက်ဖြစ်နိုင်မှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ရွေးကောက်ခံပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီ ဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်တွင် အချက်(၃)နှင့် (၅)သည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်ပါကြောင်း၊ ပြည်တွင်းအရေးကို ပြည်တွင်းမှာသာဖြေရှင်းခြင်းသည် သဘာဝကျပါကြောင်း၊ အာဆီယံ၏အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်ဟူသော မူနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် ယခုအခါ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရဦးဆောင်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေများနှင့် များစွာကွဲလွဲနေပြီး အာဆီယံနိုင်ငံများလိုက်နာရန် သဘောတူထားသည့် အာဆီယံပဋိညာဉ်စာတမ်းနှင့်လည်း ဆန့်ကျင်နေသည်များကို တွေ့ရှိရပါကြောင်း။ **စာမျက်နှာ ၇ သို့** ☆

# ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒရေးရာအခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် ပထဝီ နိုင်ငံရေး၊ ပထဝီ စီးပွားရေး၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနာဂတ်နှင့် လွှတ်တော်၏ မူဝါဒ ရေးရာ အခန်းကဏ္ဍဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက် ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များနှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက ယနေ့ဆွေးနွေးပွဲသည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက် ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)၏ ပထမဦးဆုံး စတင်သည့် ဆောင်ရွက်ချက် ဖြစ်ပါကြောင်း၊ JCC အဖွဲ့၏ ရည်ရွယ်ချက်မှာ လွှတ်တော်သည် ဂုဏ်သိက္ခာရှိပြီး အဆင့်အတန်း မြင့်မားသည့် လွှတ်တော်ဖြစ်စေရေးနှင့် ဝမ်းစာရှိ ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စား လှယ်များကို ဝမ်းစာထပ်မံပြည့်ဝ အောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေနှင့် ကမ္ဘာ့လက်ရှိ အခြေအနေများကို လေ့လာ သုံးသပ်ပြီး လွှတ်တော်၏ အခန်း ကဏ္ဍအနေဖြင့် မည်သို့ပါဝင် လုပ်ဆောင်ရမည်ကို ဆွေးနွေးကြ စေလိုကြောင်း၊ ဆွေးနွေးပွဲတွင် ပညာရှင်များနှင့် ကိုယ်စားလှယ် များ အပြန်အလှန် ဆွေးနွေးစေ လိုကြောင်း၊ ကိုယ်စားလှယ်များ အနေဖြင့် ယခုလို စွမ်းရည်မြှင့်တင် ရေးဆွေးနွေးပွဲများမှ တစ်ဆင့် လွှတ်တော်၏ အကျိုးနှင့် နိုင်ငံတော်၏အကျိုးကို ဖြစ်ထွန်း စေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးကိုကို (ကိုကို- စက်မှုတက္ကသိုလ်) က ပထဝီနိုင်ငံ ရေး အပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်မှုခေါင်းစဉ်ဖြင့် တွေးစရာ၊ မေးစရာများနှင့်အတူ လွှတ်တော် ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဒေါက်တာဇော်ဦးက ပထဝီ စီးပွား ရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး အခွင့်အလမ်းခေါင်းစဉ်ဖြင့် မြန်မာ ပထဝီ စီးပွားရေးနှင့် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို လည်းကောင်း နိုင်ငံတကာရေးရာ များနှင့်ဆက်စပ်၍ ဆွေးနွေး ဟောပြောရာ တက်ရောက်လာကြ သည့် လွှတ်တော်ကိုယ်စားလှယ် များက သိရှိလိုသည်များကို အပြန် အလှန်မေးမြန်း ဆွေးနွေးကြ သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ (JCC) ဥက္ကဋ္ဌက ဆွေးနွေးခဲ့ ကြသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ က ဆွေးနွေးဟောပြောပေးခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

လက်ရှိတွင် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံအတွက် မလိုအပ်သကဲ့သို့ အာဆီယံနိုင်ငံ များအကြား လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ကို အာဆီယံက ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်ပြီး တစ်ဖက်သတ်ချမှတ်ထား သည့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံ ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး လက်ရှိနိုင်ငံ ရေး အခြေအနေနှင့်လည်း လက်တွေ့ဆန်ဆန် ကိုက်ညီမှုမရှိသည့်အတွက် အဆိုကို ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်က အာဆီယံ ထုတ်ပြန်ချက်(၅) ရပ်အပေါ် တုံ့ပြန်မှု ပကတိ အရှိ တရား(၅) ချက် အနေဖြင့် အာဆီယံ၏ ထုတ်ပြန်ချက် (၅) ရပ်သည် အဖွဲ့ဝင်နိုင်ငံများ၏ အမှန်တကယ် ဘုံသဘောတူညီချက် (Consensus) မဟုတ်ဘဲ အလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆက်တွဲထုတ်ပြန်ချက် (Statement)သာဖြစ်ပြီး ယင်းသို့ ထုတ်ပြန်ခြင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက် ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်း၊ ဖိအားများပေး ခြင်း တို့သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံ မူများ၊ သဘောတူညီချက်များနှင့် သွေဖည်နေခြင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး သမိုင်းစဉ် တစ်လျှောက်လုံးတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေ ခဲ့ခြင်းမရှိဘဲ စေတနာမှန်ဖြင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တိုင် (Mile Stones) အစဉ်အလာကောင်းများဖြင့် ဂုဏ်သိက္ခာရှိစွာ ရှေ့ဆက် ကြိုးပမ်းနေခြင်း။

အချို့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အခြေ အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပေးထားချက် များအပေါ် သေချာစွာနားလည်ရန် လိုအပ်နေပြီး နိုင်ငံကြီးအချို့၏ အားပြိုင်စမ်းသပ်ပွဲတွင် အသုံးချခံ ဖြစ်ရာမှ အာဆီယံဒေသအတွင်း တည်ငြိမ်အေးချမ်း မှုနှင့် အကျိုးစီးပွားများအပေါ် မထိခိုက်စေလိုခြင်း။

မြန်မာနိုင်ငံ၌ လက်ရှိကာလတွင် ဒီမိုကရေစီနှင့် အညီ လွှတ်တော်နှင့်အစိုးရတို့ ပေါ်ထွန်းလာပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲတိုးတက် လာနေပြီဖြစ်၍ အာဆီယံ၏ ထုတ်ပြန်ချက် (၅) ရပ်သည် ပကတိအရှိတရားနှင့်ကိုက်ညီမှုမရှိခြင်း။

စည်းလုံးညီညွတ်ပြီး ဘက်စုံတိုးတက်မည့် အာဆီယံအသိုက်အဝန်း ဖြစ်ထွန်းတည်တံ့နိုင်ရေး တွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ စီးပွားရေး၏ အရေးပါမှုအလားအလာများအပေါ် အလေးထား၍ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါ ကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း မိတ်ဝတ် မပျက် ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းတည်ငြိမ် အေးချမ်းမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးများ ဆက်လက်ဖြစ်ထွန်း နေစေရေးတို့အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုး စီးပွားအပေါ် အခြေခံကာ အနာဂတ်အား မဟာဗျူဟာ အမြင်ဖြင့် ဆက်စပ်တွေးခေါ် မြော်မြင်ပြီး အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး ဆိုသည့် မူဝါဒသည် အခြားနိုင်ငံများ၏ မဟုတ်မမှန် အနိုင်ကျင့်စွပ်စွဲမှုများကို ခေါင်းငုံ့ခံ ရမည်ဟုမဆိုလိုပါ ကြောင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့လည်း ထိုမူဝါဒရှိပါ ကြောင်း၊ သို့သော်လည်း မိမိနိုင်ငံကို ထိပါးလာပါက ၎င်းတို့၏ MOFA ဝန်ကြီး(သို့) သံအမတ်ကြီးတစ်ဦးဦး က နိုင်ငံတကာမီဒီယာများတွင် ချက်ချင်း တုံ့ပြန်ချေပ ကြကြောင်း၊ မိမိနိုင်ငံကိုချစ်သည်ဆိုသည်မှာ မိမိ နိုင်ငံအား မဟုတ်မမှန်၊ အနိုင်ကျင့် ပြောဆိုလာခြင်းကို ခေါင်းငုံ့မခံဘဲ ချက်ချင်းတုံ့ပြန်ခြင်းပင် ဖြစ်ပါကြောင်း၊ "တိတ်တိတ်နေ ထောင်တန်သည်"ဟုယူဆထားသော အတွေးအခေါ်မှ ပိုမိုအားမနာတတ်သော သတ္တိရှိရှိ Proactive(ထိုးစစ်) လုပ်ရမည်ဟူသော ခံယူချက်သို့ ပြောင်းလဲရမည်ဖြစ်ပါကြောင်း။

"ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"ဖြစ် စေရန်၊ မြန်မာပြည်အနေဖြင့်လည်း ASEAN အပေါ် အစပျိုးမှု၊ တက်ကြွမှုရှိကြောင်းပြနိုင်ရန်၊ ASEAN ကို လည်းလေ့ကားလှလှဖြင့် သာသာယာယာဆင်းနိုင်စေ ရန်၊ နိုင်ငံတော်နှင့် လွှတ်တော်တို့ ပူးပေါင်းကာ ASEAN Five – Point Statement Special Committeeကို ဖွဲ့စည်းပြီး ASEAN Direct Engagement ကို လာမည့် (၅)လအတွင်း အကောင်အထည်ဖော်သင့်ပါကြောင်း။

မြန်မာနိုင်ငံသမ္မတကြီး အိန္ဒိယ၊ တရုတ် ခရီးစဉ် များ အောင်မြင်စွာပြီးဆုံးပြီး NewYork Times, Investigate Asia စသည်တို့အပါအဝင် အနောက် နိုင်ငံ Media များမှ Anti-Govt, Anti-Myanmar Media Campaign များစတင်ပြုလုပ်လာပြီကို သတိရှိစေ လိုပါကြောင်း၊ ပြည်တွင်း မီဒီယာများတွင်သာ ပြောနေ၍ မရပါကြောင်း၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ် များ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီး များအနေဖြင့် မိမိနိုင်ငံကို ချစ်စိတ်အပြည့်ဖြင့် နိုင်ငံ တကာ မီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများ တွင် ရဲရဲဝံ့ဝံ့တက်တက်ကြွကြွ ထိထိမိမိ စတင်တုံ့ပြန် ကြရန် လိုအပ်ပါကြောင်း အဆိုအား ထောက်ခံ ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံက အာဆီယံပဋိညာဉ် စာတမ်းတွင် အဓိကအသက်သွေးကြောအဖြစ်ပါဝင်ခဲ့ သည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြင်း မပြုရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ၏ ထုတ်ပြန် ကြေညာချက်ဖြစ်သည့် မြန်မာနိုင်ငံအရေး အာဆီယံထုတ်ပြန်ချက် (၅) ရပ် သည် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင် ခွင့်များကိုကျော်လွန် စွက်ဖက်ရန် ကြိုးပမ်းလာသည့် အပြင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ တန်းတူညီမျှမှု ကိုပါ တိုက်ရိုက်ထိခိုက်စေသည့်အတွက် ပြည်ထောင်စု အစိုးရအနေဖြင့် ထိန်းညှိတုံ့ပြန်ရမည့်အချိန် ကျရောက် ပြီဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ် ကို ငြင်းဆန်ရခြင်းမှာ စိတ်လိုက်မာန်ပါ တုံ့ပြန်ခြင်း မဟုတ်ဘဲ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူ များနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ပဋိညာဉ်စာတမ်း၏ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(က) တွင် အာဆီယံသည်အဖွဲ့ဝင်နိုင်ငံ အားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို လေးစားရမည်ဟူ၍ လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂(င) တွင်အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိုစွက်ဖက် ခြင်းမပြုရန်ဟုလည်းကောင်း ဖော်ပြထားသော်လည်း ယခုမြန်မာနိုင်ငံနှင့်ပတ်သက်သည့် အာဆီယံထုတ်ပြန် ချက် (၅) ရပ်သည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံအုတ်မြစ်ကို တိုက်ရိုက်ချိုးဖောက်နေခြင်းသာ ဖြစ်ပါကြောင်း၊ မိမိတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း နိုင်ငံတော်၏ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာကို အထိအခိုက်ခံမည် မဟုတ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးဉာဏ်ထွန်းက မြန်မာ နိုင်ငံသည် အာဆီယံကို စတင်ဝင်ရောက် ခဲ့ချိန်မှစ၍ ယနေ့အထိ အာဆီယံ၏ရည်ရွယ်ချက်၊ ပဋိညာဉ် စာတမ်း၊ အခြေခံမူများကို အစဉ်လေးစားလိုက်နာပြီး အာဆီယံ၏ လုပ်ငန်းအားလုံးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါ ကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅)ရပ် ထုတ်ပြန်ပြီး နောက်အာဆီယံသည် ၂၀၂၁ ခုနှစ်အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလအထိ ပြုလုပ်သော အာဆီယံ အစည်း အဝေးများသို့ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များ၊ ဝန်ကြီးအဆင့်များကို ဖိတ်ကြားခြင်းမပြုဘဲ နိုင်ငံရေး မဟုတ်သော ကိုယ်စားလှယ်ကိုသာ တက်ရောက် ခွင့်ပြုခဲ့သည်မှာ အာဆီယံပဋိညာဉ်ပါ အခြေခံမူဖြစ် သည့် အဖွဲ့ဝင်နိုင်ငံများ၏ တန်းတူအခွင့်အရေးကို ထိခိုက်စေပါကြောင်း၊ အာဆီယံအဖွဲ့၏ ခွဲခြား ဆက်ဆံမှုကို နိုင်ငံတော်အစိုးရက လက်မခံသကဲ့သို့ ပြည်သူအားလုံးကလည်း လက်မခံပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပ ခဲ့သော လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီး ပြည်သူ လူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ဖြင့် နိုင်ငံတော်၏ တရားဝင်လွှတ်တော်များနှင့် ရွေးကောက်ခံ အစိုးရသစ်တစ်ရပ်ဖြစ်ပေါ်နေပြီဖြစ် ပါကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ ၏ ပကတိအခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်းတူညီမျှစွာ ချစ်ကြည်ရင်းနှီးမှုဖြင့် ယုံကြည်မှု တည်ဆောက်ခြင်း၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်း လုပ်ကိုင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့်သာ ဒေသအတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ တက်ရောက်



ရန်ကုန် ဇူလိုင် ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ညှော်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၄)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညှော်ခံပွဲ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှင်းလင်းတင်ပြ



**နေပြည်တော် ဇူလိုင် ၇**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လုပ်ငန်းကော်မတီဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအား ဒုတိယဝန်ကြီးနှင့်အဖွဲ့က မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသောကြောင့် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လျင်မြန်စွာတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပါက အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး အရာထမ်း၊ အမှုထမ်း ၃၄၄၃ ဦးဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ အခြေခံပညာကျောင်း ၂၇၉ ကျောင်းဖွင့်လှစ်နိုင်ပြီး ဆရာ ဆရာမ ၁၂၃၄ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၇၆၅၁ ဦးအား ပညာသင်ကြားပေးနေပြီဖြစ်သကဲ့သို့ ပြည်သူ့ဆေးရုံများဖွင့်လှစ်ပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၇၈ ဦးဖြင့် လူနာပေါင်း ၁၃၀၉၈ ဦးအား ဆေးကုသမှု ပေးနိုင်ခဲ့ကြောင်း၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်များလည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ စည်ပင်သာယာ ဈေးများနှင့် အိမ်ဆိုင်များလည်း ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး သောက်သုံးရေအတွက် ရေထွက်ပင်ရင်းများမှ သွယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိကာ တီးတိန်မြို့အား အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် အလှည့်ကျ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့တို့ရှိ ပြည်သူ့ဆေးရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အတွက် ဆိုလာစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်သွယ်ရေးအနေဖြင့် တီးတိန်မြို့နယ်တွင် MEC၊ MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ပြီး တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့တွင် MPT တယ်လီဖုန်းလိုင်းများ ဆက်သွယ်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင် MEC တယ်လီဖုန်းလိုင်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဆူရ်ဘုန်လေဆိပ် ပြန်လည်ဖွင့်လှစ်နိုင်ပါက ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် သွားလာရေး အဆင်ပြေနိုင်မည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ သိုင်းငင်း- တီးတိန်လမ်း လမ်းပိုင်းအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ မွန်ပြည်နယ်စာရင်းစစ်ချုပ်မှ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

မော်လမြိုင် ဇူလိုင် ၇

မွန်ပြည်နယ်စာရင်းစစ်ချုပ်မှ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ခရိုင်စာရင်းစစ်ရုံး၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်သိန်းသိန်းဦးက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများစစ်ဆေးရာတွင် လိုအပ်ချက်များ မရှိစေရေး စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ခရိုင်၊ မြို့နယ်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မြိတ်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မြိတ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြိတ်မြို့နယ် ဇေယျာသီရိ(၂)ရပ် အထက(၆)အုန်းတောကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြိတ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပြီး တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက မိုးရာသီသစ်ပင်စိုက်ပျိုးရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပြောကြားသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# ဟင်္သာတမြို့ အထက(၄)တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ဟင်္သာတ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက အမှာစကားပြောကြားပြီး အမှတ်(၈၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဟင်္သာတ)မှ ဒုရဲမှူး မြင့်ခိုင်က ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆမှုဖြစ်ပွားရသော အကြောင်းရင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် ဖြစ်ပွားခဲ့ရသော မှုခင်းများအကြောင်းတို့ကို ပြည့်စုံစွာ ရှင်းလင်းဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# အားကစားရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

အားကစားရေးရာဝန်ကြီးဌာန၏ မိုးရာသီ အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပရိဝုဏ်အတွင်းရှိ ပြေးခုန်ပစ်တာဝေးအားကစားပြိုင်ကွင်းနှင့် ဝဏ္ဏသိဒ္ဓိရေကန်တို့၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ဒုတိယဝန်ကြီးဦးညီညီတို့က စိန်ပန်းပင်များကို ဦးဆောင်စိုက်ပျိုးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ အရိပ်ရအပင်များဖြစ်သည့် စိန်ပန်းပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်၊ ယူကလစ်ပင်၊ ရေတမာပင်၊ စွယ်တော်ပင်စသည့် စုစုပေါင်းအရိပ်ရအပင် ၅၅၅ ပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကျော်ကို ဝဏ္ဏသိဒ္ဓိရေကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# (၁၆)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များကန်တော့ပွဲနှင့် ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)က ကျင်းပသည့် (၁၆)ကြိမ်မြောက် ဟာသပညာရှင်ကြီးများ ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးအိမ်ရာ (လူရွှင်တော်ရွာ)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၏ ဂုဏ်ပြုသီချင်းနှင့် ဂုဏ်ပြုမှတ်တမ်းတို့ကို ဖွင့်လှစ်ပြသသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်ထောင်စုဝန်ကြီးကိုယ်စား မှာဒိတာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမိသားစုက လှူဒါန်းငွေကျပ်သိန်း ၃၀ တို့ကို ဒုတိယဝန်ကြီးက ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး မှတ်တမ်းဗီဒီယိုပြသပြီး အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ပရဟိတထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ကာ ဒုတိယဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ကြီးဟာသအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၇**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Kunming Vocational University of Science and Technology ၏ ပူးပေါင်းစီစဉ်မှုဖြင့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း (Chinese Culinary Training) ဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ပန်သစ္စာဟိုတယ်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဖွင့်ပွဲတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

**သွားရောက်ကြည့်ရှု**

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ပြင်ဦးလွင် ယူနန်ဘုံကျောင်း၌ တရုတ်အစားအစာချက်ပြုတ်လုပ်ကိုင်နည်းများ သင်ကြားနေသော နည်းပြများက သင်တန်းသားသင်တန်းသူများအား စာတွေ့/ လက်တွေ့ တရုတ်အစားအစာချက်ပြုတ်သင်ကြားနေမှုနှင့် အဖွဲ့လိုက်ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၇**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပေါင်မြို့နယ်၌ အသိပညာပေး ဟောပြော

**ပေါင် ဇူလိုင် ၇**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လူငယ်ကျောင်းသားများအတွက် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက (ပေါင်) ရွှေရတုခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းက မူခင်းကျဆင်းရေး၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမား ပပျောက်ရေး၊ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက သွေးလွန်တုပ်ကွေး ရောဂါအကြောင်း သိကောင်းစရာ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအောင်က စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်တို့ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်၌ အမြင်သစ်ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် အမြင်သစ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ အမြင်သစ်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးဟိန်းလင်းအောင်က အမှာစကားပြောကြားပြီး အသင်းသားစာရင်းစစ် ဒေါ်ပန်းအိစိုးက အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအား ချပြရှင်းလင်း၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က အမှုဆောင်ရွေးချယ်ပွဲနှင့် စပ်လျဉ်းသည့် သမဝါယမအသင်းကို ပြင်ဆင်သည့် အသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ အမှုဆောင်သစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီး အသင်းသားများအား အစုပေါ်အမြတ်နှင့် စာသုံးဆီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အနာဂတ်မြို့ပြကျန်းမာရေးနှင့် သန့်ရှင်းသာယာသော လူနေမှုပတ်ဝန်းကျင်အတွက် ဘက်စုံပိုးမွှားအန္တရာယ်နှိမ်နင်းရေး

မောင်စည်ပင် (နေပြည်တော်)

မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသများ၌ ပြည်သူ့ကျန်းမာရေးကို နေ့စဉ်နှင့်အမျှ ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသော အင်းဆက်ပိုးမွှားများတွင် ယင်ကောင်နှင့် ခြင်များသည် အဓိကအတားအဆီးများဖြစ်ကြ၏။


၎င်းတို့သည် သေးငယ်သောသက်ရှိများဖြစ်သော်လည်း ၎င်းတို့သယ်ဆောင်လာသည့် ရောဂါပိုးမွှားများ၏ ကူးစက်ပြန့်ပွားမှုနှုန်းနှင့် လူထုအပေါ် သက်ရောက်မှုမှာ အလွန်ပင်ကြီးမားလှပါသည်။ မြို့ပြလူဦးရေထူထပ်လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းနှင့် မြို့ပြသန့်ရှင်းရေးစနစ်များ အားနည်းခြင်းတို့ကြောင့် အင်းဆက်ကောင်များ ပေါက်ပွားရာနေရာများ ပိုမိုများပြားလာပြီး ပြည်သူ့ကျန်းမာရေးကဏ္ဍအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေလျက်ရှိပါသည်။

ယင်ကောင်များနှင့် ခြင်များသည် ရောဂါပိုးမွှားများကို နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ကာ လူသားများထံ ကူးစက်စေတတ်သောရောဂါပိုးမွှား သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို ထိရောက်စွာနှိမ်နင်းနိုင်ရေးသည် တစ်ဦးတစ်ယောက်ချင်းစီ၏ တစ်ကိုယ်ရေသန့်ရှင်းရေး သက်သက်မဟုတ်ဘဲ မြို့ပြအုပ်ချုပ်ရေး၊ စည်ပင်သာယာရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတို့၏ အဓိကကျသော မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ကြီးတစ်ခု ဖြစ်လာရခြင်းဖြစ်ပါသည်။

**ယင်ကောင်နှိမ်နင်းရေး မဟာဗျူဟာ**

ယင်ကောင်များသည် ရောဂါပိုးမွှားပေါင်း ၆၅ မျိုးထက်မကကို သယ်ဆောင်နိုင်သော စက်မှုသဘောဆောင်သည့် သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်ကြ၏။ ၎င်းတို့သည် ညစ်ညမ်းသောအမှိုက်သရိုက်များ၊ ပုပ်သိုးဆွေးမြည့်နေသော အရာဝတ္ထုများနှင့် တိရစ္ဆာန်မစင်များပေါ်၌နားခိုပြီး လူတို့စားသုံးမည့်အစားအစာများပေါ်သို့ တိုက်ရိုက်လာရောက်နားခိုခြင်းဖြင့် ရောဂါပိုးမွှားများကို ကူးစက်ပြန့်ပွားစေပါသည်။

ယင်ကောင်မှတစ်ဆင့် ကူးစက်တတ်သော အဓိကရောဂါများမှာ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ကြပြီး ၎င်းတို့အနက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် အစာအဆိပ်သင့်ခြင်းတို့သည် အဖြစ်အများဆုံးဖြစ်၏။ အထူးသဖြင့် အစားအစာရောင်းချသည့် ပျံကျဈေးများ၊ လမ်းဘေးစားသောက်ဆိုင်များနှင့် စည်ပင်သာယာဈေးများ၌ ယင်ကောင်များ ထူထပ်စွာ ပေါက်ပွားနေခြင်းသည်




ယင်ကောင်နှင့် ခြင်များသည် ရောဂါပိုးမွှားများသယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် တည်ရှိနေမှုပုံ။

ပြည်သူလူထု၏ အသက်အန္တရာယ်ကို စက္ကန့်မလပ် ခြိမ်းခြောက်နေသည့် အဓိကအကြောင်းရင်းခံဖြစ်ပါသည်။

**ယင်ကောင်ပေါက်ပွားရာ အဓိကနေရာများနှင့် သဘာဝဗေဒ**

ယင်ကောင်များသည် ၎င်းတို့၏ဥများကို အာဟာရဓာတ်ကြွယ်ဝပြီး စိုစွတ်ဆွေးမြည့်နေသော အော်ဂဲနစ်ပစ္စည်းများရှိသည့်နေရာ၌သာ ဥချလေ့ရှိကြ၏။ မြို့ပြဒေသများ၌ ၎င်းတို့ အဓိကပေါက်ပွားရာ နေရာများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရပါသည် –

(က) **စည်ပင်သာယာဈေးများ။** သားငါးတန်းများမှထွက်ရှိသော သွေးညှီရေများနှင့် အသားစများ၊ ဟင်းသီးဟင်းရွက်အကြွင်းအကျန်များနှင့် စနစ်တကျပိတ်ဆို့မှုမရှိသော ရေမြောင်းဟောင်းများ။

( ခ ) **အမှိုက်ပုံများနှင့် အမှိုက်ကန်များ။** အဖုံးစနစ်တကျ ဖုံးအုပ်ထားခြင်းမရှိသော အိမ်သုံးအမှိုက်ကန်များ၊ စည်ပင်အမှိုက်စုပုံကွင်းများနှင့် စွန့်ပစ်ပစ္စည်းများ။

( ဂ ) **တိရစ္ဆာန်မစင်များနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ။** မြို့ပြအစွန်သို့မဟုတ် ဆင်ခြေဖုံးဒေသများရှိ နွားခြံ၊ ဝက်ခြံများနှင့် ကြက်မွေးမြူရေးခြံများမှ ထွက်ရှိသော အညစ်အကြေးများ။

ယင်ကောင်တစ်ကောင်၏ သက်တမ်းသည် ၁၅ ရက်မှ ရက် ၃၀ အထိသာရှိသော်လည်း ယင်မတစ်ကောင်သည် တစ်ကြိမ်လျှင် ဥပေါင်း ၁၅၀ ခန့်ကို ဥချနိုင်ပြီး ၎င်း၏သက်တမ်းတစ်လျှောက်ငါးကြိမ်မှ ခြောက်ကြိမ်အထိ ဥချနိုင်သဖြင့် ၎င်းတို့၏မျိုးပွားနှုန်းမှာ ကုန်တင်သင်္ဘောကဲ့သို့ အဆမတန် လျင်မြန်လှပါသည်။

**ခြင်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး**

ခြင်များသည် ကမ္ဘာပေါ်၌ လူ့အသက်ကို အန္တရာယ်အပေးနိုင်ဆုံးသော သတ္တဝါများအဖြစ် သတ်မှတ်ခြင်းခံထားရ၏။ ၎င်းတို့အနက် ခြင်ကျားသည် ကလေးငယ်များ၏အသက်ကို များစွာခြိမ်းခြောက်နေသော သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေသည့် အဓိကဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်ပါသည်။ ခြင်ကျား၏ ထူးခြားသောသဘာဝမှာ ရေပုပ်ရေသိုးများ၌ ဥချလေ့မရှိဘဲ အိမ်တွင်းအိမ်ပြင်ရှိ "ရေကြည်ရေသန့်" များ၌သာ ဥချပေါက်ပွားလေ့ရှိခြင်းဖြစ်၏။ ဘုရားပန်းအိုးများ၊ သောက်ရေကန်များ၊ စွန့်ပစ်ထားသော ကားတာယာဟောင်းများ၊ ရေခဲသေတ္တာအောက်ရှိ ရေခံဗန်းများနှင့် မိုးရေတင်ကျန်နိုင်သော ပလတ်စတစ်ဘူးခွံများသည် ခြင်ကျားများ အကြိုက်ဆုံးပေါက်ပွားရာ ကုန်းမြေများဖြစ်ကြပါသည်။ ထို့ကြောင့် "ခြင်ကျားမရှိလျှင် သွေးလွန်တုပ်ကွေးမဖြစ်နိုင်"ဆိုသည့်အသိကို လူထုအတွင်း စွဲမြဲနေအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**နေ့ခင်းဘက် ခြင်ကိုက်ခြင်း**

သာမန်ပြည်သူများအနေဖြင့် ခြင်သည် ညဘက်၌သာ ကိုက်တတ်သည်ဟု ထင်မြင်လေ့ရှိပြီး သွေးလွန်တုပ်ကွေးဖြစ်စေသော ခြင်ကျားများသည် နေ့ခင်းဘက်၌ သွေးစုပ်ခြင်းသဘာဝရှိကြပါသည်။ အထူးသဖြင့် နံနက်ခင်း နေထွက်စအချိန်နှင့် ညနေခင်းနေမဝင်မီအချိန်တို့တွင် အကိုက်ဆုံးဖြစ်၏။ ဤအချက်ကြောင့် စာသင်ကျောင်းများသည် ကလေးငယ်များ သွေးလွန်တုပ်ကွေးကူးစက်ခံရနိုင်ခြေ အမြင့်မားဆုံးနေရာများ ဖြစ်လာရပါသည်။

ကလေးငယ်များသည် နေ့ခင်းဘက်အချိန်အများစုကို ကျောင်း၌ကုန်ဆုံးကြရပြီး စာသင်ခန်းများ၏ အမှောင်ထောင့်များ၊ စာသင်ခုံအောက်များနှင့် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများသည် ခြင်ကျားများ ပုန်းအောင်းရန်နှင့် ကိုက်ဖြတ်ရန် အကောင်းဆုံးစစ်မြေပြင်ဖြစ်နေသောကြောင့်ဖြစ်၏။ ကျောင်းများတွင် ခြင်ကင်းစင်ရေးသည် ကလေးငယ်များ၏အသက်ကို ကာကွယ်ရန်အတွက် အရေးကြီးဆုံးကဏ္ဍဖြစ်ပါသည်။

**ခြင်နှိမ်နင်းရေးဆိုင်ရာ မှားယွင်းသောအယူအဆ**

ပြည်သူလူထုအကြား အတွေ့ရအများဆုံး မှားယွင်းသောအယူအဆမှာ **"ခြင်များပါက ခြင်ဆေးငွေ့ဖျန်းခြင်း ပြုလုပ်လိုက်ရုံဖြင့် ပြီးပြတ်ပြီ"** ဟူသောအချက်ဖြစ်၏။ တကယ်တမ်း၌မူ ခြင်ဆေးငွေ့ဖျန်းခြင်းသည် ထိုအချိန်၌ ပျံသန်းနေသော ခြင်အကောင်ကြီးများကိုသာ သေစေနိုင်ပြီး ရေထဲ၌ရှိနေသော ခြင်ဥနှင့် ပိုးလောက်လမ်းများကိုမူ မသေစေနိုင်ပါ။ ရက်အနည်းငယ်ကြာရုံမျှဖြင့် အဆိုပါ ပိုးလောက်လမ်းများသည် ခြင်အကောင်ကြီးများအဖြစ်သို့ ပြန်လည်ပြောင်းလဲလာမည်ဖြစ်ရာ ပြဿနာမှာအရင်းအမြစ်မပြတ်ဘဲ ရှိနေမည်ဖြစ်၏။ ထို့ကြောင့် ရေရှည်ထိရောက်သော နည်းလမ်းမှာ ခြင်များဥချနိုင်မည့် ရေတင်ကျန်ရာနေရာများကို ဖျောက်ဖျက်သည့် "ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး" သည် အဓိကအချက်ဖြစ်ပါသည်။

**ဌာနဆိုင်ရာများနှင့်**
**ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှု**

ခြင်နှင့် ယင်ကောင်နှိမ်နင်းရေးလုပ်ငန်းသည် ဌာနတစ်ခုတည်း သို့မဟုတ် လူတစ်ဦးတည်း လုပ်ဆောင်၍မရနိုင်ဘဲ ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်–

(က) **ကျန်းမာရေးဌာန။** ရောဂါဖြစ်ပွားမှုနှုန်း စောင့်ကြည့်စစ်ဆေးခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများကို ခွဲခြမ်းစိတ်ဖြာ၍ ထူထပ်ရာဇုန်များ ဖော်ထုတ်ခြင်း၊ ပိုးလောက်လမ်းသေဆေး (Abate) များ ဖြန့်ဝေခြင်း။

( ခ ) **စည်ပင်သာယာရေးကော်မတီ။** မြို့ပြသန့်ရှင်းရေး အမြဲမပြတ် ဆောင်ရွက်ခြင်း၊ အမှိုက်သိမ်းစနစ်ကောင်းမွန်စေခြင်း၊ ရေမြောင်းများကိုတူးဖော်၍ ရေဝပ်ဧရိယာများ ဖျောက်ဖျက်ခြင်းနှင့် စည်းကမ်းမဲ့ အမှိုက်ပစ်သူများကို ဥပဒေအရ ကြပ်မတ်ခြင်း။

( ဂ ) **ပညာရေးဌာနနှင့် ကျောင်းများ။** ကျောင်းဝင်းအတွင်း အပတ်စဉ် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ကလေးများအား နေ့ခင်းဘက် ခြင်ကိုက်မခံရစေရန် ဘောင်းဘီရှည်၊ လက်ရှည်ဝတ်ဆင်ခွင့်ပြုခြင်းနှင့် ကျောင်းသားလူငယ်များအား ပြည်သူ့ကျန်းမာရေး အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း။

(ဃ) **ပြည်သူလူထုနှင့် မိဘများ။** မိမိတို့၏ အိမ်တွင်း အိမ်ပြင်သန့်ရှင်းရေးကို ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူဆောင်ရွက်ခြင်း၊ ရပ်ကွက်တွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ၌ တက်ကြွစွာပါဝင်ခြင်း။

**လက်တွေ့လုပ်ဆောင်ရမည့် "ဖုံး၊ သွန်၊ လဲ၊ စစ်"**

ခြင်အန္တရာယ်ကာကွယ်ရေးအတွက် လက်တွေ့ကျပြီး အထိရောက်ဆုံးသော လုပ်ငန်းစဉ်မှာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်ကြီးဖြစ်ပါသည် –

(က) **ဖုံး။** ရေလှောင်ကန်များ၊ ရေစည်များနှင့် ရေအိုးများကို ခြင်များဝင်ရောက်ဥမချနိုင်စေရန် လုံခြုံစွာဖုံးအုပ်ထားရမည်။

( ခ ) **သွန်။** မသုံးစွဲဘဲ စွန့်ပစ်ထားသော ဘူးခွံ၊ ကားတာယာ၊ ခွက်ဟောင်းများအတွင်းရှိ မိုးရေများကို သွန်ပစ်ရမည်။

**စာမျက်နှာ ၁၁ သို့** ☆

ခြင်များသည် ကမ္ဘာပေါ်၌ လူ့အသက်ကို အန္တရာယ်အပေးနိုင်ဆုံးသော သတ္တဝါများအဖြစ် သတ်မှတ်ခြင်းခံထားရ၏။ ၎င်းတို့အနက် ခြင်ကျားသည် ကလေးငယ်များ၏အသက်ကို များစွာခြိမ်းခြောက်နေသော သွေးလွန်တုပ်ကွေး ရောဂါကိုဖြစ်စေသည့် အဓိကဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်ပါသည်။ ခြင်ကျား၏ ထူးခြားသောသဘာဝမှာ ရေပုပ်ရေသိုးများ၌ ဥချလေ့မရှိဘဲ အိမ်တွင်းအိမ်ပြင်ရှိ "ရေကြည်ရေသန့်"များ၌သာ ဥချပေါက်ပွားလေ့ရှိခြင်းဖြစ်၏။ ဘုရားပန်းအိုးများ၊ သောက်ရေကန်များ၊ စွန့်ပစ်ထားသော ကားတာယာဟောင်းများ၊ ရေခဲသေတ္တာအောက်ရှိ ရေခံဗန်းများနှင့် မိုးရေတင်ကျန်နိုင်သော ပလတ်စတစ်ဘူးခွံများသည် ခြင်ကျားများအကြိုက်ဆုံး ပေါက်ပွားရာကုန်းမြေများဖြစ်

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရုရှားဘာသာစကားနှင့်ယဉ်ကျေးမှု "Soul of Russia" အခမ်းအနားတက်ရောက်

**ရန်ကုန် ဇူလိုင် ၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်အဝေးသင်တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး သန့်ရှင်းသာယာလှပရေး၊ ဥပမိရုပ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်း(TTC)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ဖွံ့ဖြိုးရေးချိန်တွင် ဘက်စကတ်ဘော၊ ဝူရှူး၊ အေရိုးဗစ်၊ ကိုယ်ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်းနှင့် ဘောလုံး အားကစားနည်းများ သင်ကြား လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ်ထားသော စတိုးဆိုင်၊ ကျောင်းသားနားနေခန်း၊ စာကြည့်တိုက်၊ ကိုရီးယားဘာသာစကား စာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ် COE ခန်းမ၌ ကျင်းပသည့် ရုရှားဘာသာစကားနှင့် ယဉ်ကျေးမှု "Soul of Russia" အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ရုရှား-မြန်မာ ချစ်ကြည်ရေး သရုပ်ဖော်ဖျော်ဖြေတင်ဆက်မှု၊ စာသင်ခန်းများတွင် ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမနှင့် တက္ကသိုလ်ဓမ္မာရုံတို့ကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒဂုံတက္ကသိုလ် အဝေးသင် ဌာနခွဲတွင် ကျောင်းသား ကျောင်းသူများအား စာအုပ်စာစဉ်များ ဖြန့်ဝေနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# လွိုင်ကော်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**လွိုင်ကော် ဇူလိုင် ၇**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုရေးရာဝန်ကြီးတို့က ပွဲတော်ကိုဖွင့်လှစ်ပေးပြီး ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့၏ ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် စာအုပ်စာစောင်ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပွဲတော်အတွက် ချီးမြှင့်ငွေများ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ် စာစောင်များ၊ စာပေဟောပြောသည့် စာရေးဆရာမ မဟူရာ(လွိုင်ကော်)အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ၊ ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**သာစည် ဇူလိုင် ၇**

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ်တွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို ဇူလိုင် ၄ ရက်က လူစည်ကားရာ နေရာများ၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့၊ အထက(၁)လမ်းဆုံနှင့် သာစည်မြို့မဈေးကြီးတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများက ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးသည်။



ထို့နောက် တာဝန်ရှိသူများက ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဲဇလီကုန်းမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အင်္ဂပူ ဇူလိုင် ၇**

အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မဲဇလီကုန်းမြို့ အုန်းကုန်းကျေးရွာ ကုန်ထုတ်လမ်းတွင် ဇူလိုင် ၆ ရက်က ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။



ဦးစွာပျိုးပင်များကို မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကျော်မိုးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်တို့က တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး တက်ရောက် လာသူများက အုန်းကုန်းကျေးရွာ ကုန်ထုတ်လမ်းအဝင် လမ်းဘေးတစ်လျှောက်တွင် ကျွန်း ၇၅ ပင်၊ မန်ကျည်းရှား ၇၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်သက် ဦးဆောင်သည့် ဝန်ထမ်းများက ဇူလိုင်** ၅ ရက်တွင် ပန်းတန်ကျေးရွာ အုပ်စု ထီပျဉ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။



မြို့နယ်(ပြန်/ဆက်)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

☆ စာမျက်နှာ ၁၀ မှ

(ဂ) **လဲ။** ဘုရားပန်းအိုးများနှင့် သောက်ရေအိုးများကို တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ရေလဲလှယ်ပေးရမည်ဖြစ်ပြီး လဲလှယ်သည့်အခါ အိုးနံရံရှိ ခြင်ဥများကိုပါ တိုက်ချွတ်ဆေးကြောရမည်။

(ဃ) **စစ်။** ရေကန်များအတွင်း ပိုးလောက်လမ်းရှိ၊ မရှိ အမြဲမပြတ်စစ်ဆေး၍ ရှိပါက ခပ်ထုတ်ခြင်း သို့မဟုတ် အဘိတ်ဆေးခတ်ခြင်းပြုလုပ်ရမည်။

ထို့ပြင် ယင်ကောင်များနှင့် ပုပ်သိုးအနံ့အသက်များကို နှိမ်နင်းရန်အတွက် EM Bokashi (Effective Microorganisms) ကဲ့သို့သော အကျိုးပြုဇီဝနည်းပညာများကို အမှိုက်ပုံများနှင့် ဈေးများ၌ အသုံးပြု၍ သဘာဝအလျောက် အလျင်အမြန် ဆွေးမြည့်စေခြင်းဖြင့်လည်း ဘက်စုံပိုးမွှားနှိမ်နင်းရေးကို ဖော်ဆောင်နိုင်ပါသည်။ ခြင်နှင့် ယင်ကောင်နှိမ်နင်းရေးသည် ရာသီအလိုက် သာမန်လုပ်ဆောင်ရမည့်ကိစ္စမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်နှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းလှပစေရန်အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် ရေရှည်မဟာဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ခေတ်မီနည်းပညာများဖြစ်သော GIS (Geographic Information System) အသုံးပြု၍ ရောဂါဖြစ်ပွားမှု Hotspots များနှင့် ခြင်/ယင် ထူထပ်ရာဇုန်များကို မြေပုံညွှန်းရေးဆွဲစောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စည်းမျဉ်းဥပဒေများကိုကျင့်သုံး၍ ဒဏ်ရိုက်အရေးယူခြင်း၊ ပြည်သူလူထုတစ်ရပ်လုံးက **"ပတ်ဝန်းကျင်သန့်ရှင်းရေးသည် မိမိတို့၏ ကိုယ်ပိုင်တာဝန်"**ဟုခံယူကာ အစိုးရဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမှသာလျှင် ရောဂါဘယကင်းဝေးပြီး သန့်ရှင်းစိမ်းလန်းသော လူနေမှုပတ်ဝန်းကျင်ကောင်းကို ရေရှည်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မှီငြမ်းကိုးကားစာရင်း**


၁။ World Health Organization (WHO) – Vector Control Guidelines for Houseflies and Mosquitoes (Aedes aegypti).

၂။ Centers for Disease Control and Prevention (CDC) – Environmental Health Services: Integrated Pest Management (IPM) Manual.

၃။ Ministry of Health (Myanmar) – Public Health Surveillance and Dengue Hemorrhagic Fever Prevention Manual.

၄။ Food and Drug Administration (FDA) – Wet Market Sanitation and Food Safety Standards.

၅။ Municipal Development Committee – Solid Waste Management and Healthy City Action Plan Guidelines.

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲတက်ရောက်

ဘားအံ ဇူလိုင် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်(၃)နှစ်မှ (၅)နှစ်အထိ ကလေးသူငယ် ပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ လူငယ်စင်တာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကထံ သင်တန်းသူတစ်ဦးက ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးက သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## လုံခြုံရေးတပ်ဖွဲ့ဝင်များအား မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

ထားဝယ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီးတွင် တာဝန် ထမ်းဆောင်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများ အေးချမ်းလုံခြုံမှုရှိစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နေ့စဉ် လုံခြုံရေးတာဝန်များကို ဆောင်ရွက်ပေးကြသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဆက်လက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းဟောင်းများ အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား မိုးကာ၊ ဝတ်စုံနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။




တိုင်းဒေသကြီး(ပြန်/ဆက်)

## သာပေါင်းမြို့နယ်၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်သူ့စကားဝိုင်းကျင်းပ

သာပေါင်း ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၆ ရက်က တောင်ညိုဂန္ဓာရုံကျောင်းတိုက် ဓမ္မရက္ခိတဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်က လွှတ်တော်နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့၏ဌာနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## မုံရွာမြို့၌ သဘာဝဆိုးဆေးနှင့် Botanical Printing နည်းပညာသင်တန်း ဖွင့်လှစ်



မုံရွာ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့)တွင် သဘာဝဆိုးဆေးနှင့် Botanical Printing နည်းပညာသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၆ ရက်က အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်က အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်သိန်းက အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း၊ သဘာဝဆိုးဆေးနှင့် Botanical Printing နည်းပညာသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် ခရိုင်အဆင့် စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်မိုးက သင်တန်းတွင်အသုံးပြုသင်ကြားမည့် ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ ရက်ကန်းသင်တန်း လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## မေတ္တာတော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမီတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ မေတ္တာတော် ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ပြန်လည်ရွေးချယ်ပွဲကို ဇူလိုင် ၄ ရက်က အမှတ်(၇)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာနှင့် အသင်း၏ စာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ မေတ္တာတော် ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်၏ အမှုဆောင်အဖွဲ့ဝင်များအား အဆိုပြုထောက်ခံစနစ်ဖြင့် ရွေးချယ်ခြင်းနှင့် သဘာပတိက အတည်ပြုခြင်းဖြင့် အမှုဆောင်ကော်မတီသစ်ကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အစုပေါ်အမြတ်ရငွေများနှင့် မြေပဲဆီငါးဆယ်သားစီကို အသင်းသား အသင်းသူ ၃၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။ အေးမဥ္ဇူ

## မာန်အောင်မြို့နယ်၌ မိုးစပါးနှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲကျင်းပ

မာန်အောင် ဇူလိုင် ၇

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးတွင် ( Rs to CS ) မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများအား မိုးစပါးနှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲကိုဇူလိုင်၆ရက်ကစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ မာန်အောင်မြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းစောက (Rs to CS ) မျိုးစေ့ထုတ်စိုက်ပျိုးဆောင်ရွက်မည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် စိုက်ပျိုးရေးနည်းစနစ်များ အတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုအပ်ပြီး မြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာနိုင်စေရန်နှင့် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရရှိလာစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှာကြားပြီး မျိုးစေ့ထုတ်စိုက်ပျိုးဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ကိုးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ အီသီယိုပီးယားနိုင်ငံသား သုံးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Second Secretary Mr. Nikita Belous နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ Office Of The Police Attache မှ Police Colonel Mr. Neftaly Adia Donato နှင့် တာဝန်ရှိသူများ၊ အီသီယိုပီးယားနိုင်ငံ၊ နီပေါနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၇၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၅၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၀၉ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၅၀ တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တာမွေမြို့နယ်၌ မူးယစ်ဆေးဖြတ်သင်တန်းဆင်းပွဲ ကျင်းပ

တာမွေ ဇူလိုင် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးနောက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုရုံး၌ ၂၀၂၆-ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားဦးရေ နှစ်ရာ့သုံးဆယ်ကျော်အထိ ရှိကြောင်း မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) မှ သိရသည်။



ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ယနေ့ကျင်းပသည့် မူးယစ်ဆေးဖြတ်သင်တန်းဆင်း သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(ငြိမ်း) ဦးအေးလွင်က အမှာစကား ပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ကျောင်းသားလူငယ်ထုဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက မူးယစ်ဆေးဖြတ်ပြီး၍နောက်ဆက်တွဲစောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ဘဝအောင်မြင်တိုးတက်စေရေးအတွက် လမ်းညွှန်ဆုံးမစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နိုင်လင်းအောင်(တာမွေ)**



## မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်

မြဝတီ ဇူလိုင် ၇

မြဝတီမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲကို ယမန်နေ့က အမှတ်(၄) ရပ်ကွက် ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ မရှိသေးသောအသက် (၁၀) နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ ၅၇ ဦးတို့အား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



သာယာဝတီ ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အသရော်ကျေးလက်ကျန်းမာရေးဌာန၊ ဘီးလင်းဌာနခွဲအောက်ရှိ ဘီးလင်းရွာသစ် အထက(ခွဲ)သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၏ အမြင်အာရုံစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကျောင်းသူများက ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် အသိပညာပေး

ရန်ကုန် ဇူလိုင် ၇

မင်္ဂလာတောင်ညွန့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးတို့က ကန်တော်ကလေး(မြောက်) ရပ်ကွက် အထက်မန္တလေးလမ်းရှိ အမေကိုယ်ပိုင် အထက်တန်းကျောင်းတွင် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇူလိုင် ၃ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ အမေကိုယ်ပိုင် အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြတ်မြတ်အေး(ပြန်/ဆက်)**

✪ တပ်မတော်စစ်ကြောင်းမှ

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများဖြင့် ဇွန် ၂၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ခဲယမ်းနှင့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် စာသင်ကျောင်းများ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်များကို အမြန်ဆုံးဖယ်ရှား ရှင်းလင်း၍ စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် အဆိုပါဒေသ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ချောက်မြို့နယ် ပွင့်လင်းကျေးရွာရှိ စာသင်ကျောင်းအတွင်းမှ အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဆူးတောကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်း ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ် ဝက်ပါကျေးရွာရှိ စာသင်ကျောင်းအတွင်း ယာယီစစ်စခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။





PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ချောက်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စာသင်ကျောင်းများအတွင်း ယာယီစစ်စခန်းအဖြစ်အသုံးပြုကာ မိုင်းများထောင်ထားသည့် မှတ်တမ်းဓာတ်ပုံ။

# ဒလမြို့နယ် သပြေကုန်းကျေးရွာ၌ ပြည်သူ့စကားဝိုင်း ပြုလုပ်

ဒလ ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများနှင့် ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း (Public Talk) အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒလမြို့နယ် သပြေကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၊ ဦးသန်းဦးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်မိုးက "စပါးအထွက်နှုန်း တိုးတက်ဖို့ မျိုးကောင်းမျိုးသန့် စိုက်ပျိုးစို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးအောင်သန်းက လယ်ယာမြေ ဥပဒေအကြောင်းအရာများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တွံတေးခရိုင် တာဝန်ခံ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်ဇော်က ဆည်မြောင်း ကဏ္ဍအကြောင်းအရာများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်လေးထွန်းက ကျေးလက်လမ်း၊ တံတားများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံချောချောခင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ်၌ နွေစပါးရိတ်သိမ်း

ဆီဆိုင် ဇူလိုင် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်သမဝါယမဦးစီးဌာန ခေါက်တိုင်းဟွမ် လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ တောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများအား ရိတ်သိမ်းခြင်းကို ယမန်နေ့က ပုန်းအင်းကျေးရွာအုပ်စု ဝမ်ပုံးကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ နွေစပါးဧက ၁၀၀ အား ရိတ်သိမ်းရာ ရွှေအပ်စပါးမျိုး တစ်ဧကလျှင် ပျမ်းမျှ ၁၁၅ တင်း ထွက်ရှိပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူတို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ပေါင်းတည်မြို့၌ စားအုန်းဆီရောင်းချနေမှု ပူးပေါင်းအဖွဲ့ ကွင်းဆင်းစစ်ဆေး

ပေါင်းတည် ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇူလိုင် ၆ ရက်က စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် စုံစမ်းစစ်ဆေးရေးမှူး ဦးမျိုးမင်းမင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် စားအုန်းဆီများရောင်းချပေးနေမှု လုပ်ငန်းများ၌ ဆီရရှိမှု၊သုံးစွဲနေမှု အခြေအနေများနှင့် ကန့်သတ်ထားသည့် ဘူးသွတ်ဆီများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ကိုယ်စားလှယ်ဆိုင်များမှ စားသုံးသူပြည်သူများသို့ စားအုန်းဆီရောင်းချပေးရာ၌ မှန်ခြောက်မှန်ဖြင့် ရောင်းချပေးမှု ရှိ၊ မရှိ လုပ်ငန်းများ၌ စားအုန်းဆီများရရှိသုံးစွဲနေမှုများနှင့် သက်ဆိုင်ရာက ကန့်သတ်ထားသည့် ဘူးသွတ်ဆီများ ဈေးကွက်အတွင်း ရောင်းချနေမှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**ရွှေသား(IPRD)**

# ပင်လုံမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းဖွင့်

ပင်လုံ ဇူလိုင် ၇

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ပင်လုံမြို့ အထက(၁) စိုက်ပျိုးရေးနှင့်မွေးမြူရေးအထက်တန်းကျောင်းတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ဇူလိုင် ၂ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် လွိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း (G-12) ကျောင်းသား ကျောင်းသူ ၂၀ အား စာတွေ့၊ လက်တွေ့ နှစ်ရက်သင်ကြားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်အတွေ့အကြုံများ တွေ့ဆုံရှင်းလင်းဆွေးနွေး

ဖျာပုံ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း ဦးဆောင်သော လွှတ်တော်ရေးရာကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများပါဝင်သော လွှတ်တော်ရေးရာကော်မတီမှ တာဝန်ရှိသူများသည် ဖျာပုံခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်အတွင်းရှိ (ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး)မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ (၄)မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် လွှတ်တော်အတွေ့အကြုံများ တွေ့ဆုံရှင်းလင်းပွဲကို ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ယနေ့ကျင်းပသည်။

အဆိုပါ လွှတ်တော်အတွေ့အကြုံများ တွေ့ဆုံရှင်းလင်းပွဲတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ဖျာပုံခရိုင်နယ်မြေ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက လွှတ်တော်ဆိုင်ရာအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစောသက်နိုင်ဦး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးတို့က လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပသော ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်က ကရင်ဆိပ်ကျေးရွာ ကုန်ထုတ်လမ်း၌ ပြုလုပ်ရာ တက်ရောက်လာကြသူများက မန်ကျည်းပျိုးပင် ၃၀၀ ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြစဉ်။

သန်းဝင်း(သန်လျင်)

# မြန်အောင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

မြန်အောင် ဇူလိုင် ၇



ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မိုးစပါး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ထန်းသုံးပင်ကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ စနစ်ကျဧက ၁၀၀ ကွင်းရှိတောင်သူဦးစိုး၏လယ်မြေ သုံးဧက၌ ကျင်းပသည်။

ဦးစွာ KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မြန်အောင်မြို့နယ်တွင် ဧက ၆၀ စိုက်ပျိုးသွားမည် ဖြစ်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းခြင်းနှင့် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖြိုးဝေထွန်းက လက်တွေ့ပြုလုပ် ရှင်းလင်းပြောကြားပြီး ကောက်စိုက်စက်ဖြင့် လက်တွေ့မောင်းနှင်စိုက်ပျိုး သရုပ်ပြခဲ့ကြသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် သရုပ်ပြပွဲသို့ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝေလင်းနှင့် အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်း ဦးဆောင်သည့် ဝန်ထမ်းများ ဇူလိုင် ၆ ရက်က အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

အာကာ



# ဝေါမြို့နယ်၌ အရန်သားဖွားဆရာမများအား လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ဝေါ ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အရန်သားဖွားဆရာမများ လုပ်ငန်းခွင်စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေကျော်က အရန်သားဖွားဆရာမများ၏ တာဝန်နှင့်ဝတ္တရားများအကြောင်းကို ဆွေးနွေးပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးစန်းအောင်က ကာကွယ်ဆေးထိုးလုပ်ငန်းများအကြောင်းကို ဆွေးနွေးသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ အရန်သားဖွားဆရာမ ၃၃ ဦးအား ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်

ရေတာရှည် ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု ထန်းကုန်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ(သက်တန့်ရောင်)စီမံကိန်းဖြင့် မိုးစပါးစိုက်ပျိုးသော အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ကျင်းပသည်။

၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်းရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် ထန်းကုန်းကျေးရွာ စည်းစိမ်တိုး(စိုက်/ထွေ) သမဝါယမအသင်းတောင်သူများနှင့် ညောင်ပင်သာ(စိုက်/ထွေ)သမဝါယမအသင်း တောင်သူများအား ပထမအကြိမ်အဖြစ် အသင်းသားတောင်သူ ၂၇ ဦး၏ စိုက်ဧက ၁၃၁ ဧကအတွက် သွင်းအားစုမြေဩဇာများကို မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# သာယာဝတီမြို့နယ်၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

သာယာဝတီ ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ကိုယ်တိုင်စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်အား ယနေ့နံနက်ပိုင်းက သာယာဝတီမြို့မဈေးကြီး၌ ဖွင့်လှစ်ရောင်းချလျက်ရှိရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုက သာယာဝတီမြို့မဈေးကြီး၌ ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်လမ်းညွှန်မှုဖြင့် အပတ်စဉ် အင်္ဂါနေ့နှင့် စနေနေ့တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးခဲ့ကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မှော်ဘီမြို့နယ်၌ အနာကြီးရောဂါတိုက်ဖျက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အနာကြီးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး မြို့နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇင်မင်းစိုးက အနာကြီးရောဂါအကြောင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောမြထွန်းက မြို့နယ်အတွင်း အနာကြီးရောဂါများ မဖြစ်ပေါ်စေရေး၊ လူနာများကို စောစီးစွာရှာဖွေတွေ့ရှိကုသနိုင်ရေး၊ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ဖြစ်ပေါ်နေသော လူနာသစ်ရှာဖွေရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အနာကြီးရောဂါကြိုတင်ကာကွယ်တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

# အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။



## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှု၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း အနောက်ဘက်ခြမ်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပြီး တက်ရောက်လာကြသူများက မည်စည်၊ ခရေ၊ ကျွန်း၊ စိန်ပန်း၊ ပိတောက်၊ တမာ၊ ရေတမာ၊ ယင်းမာ ပျိုးပင်ပေါင်း ၆၆၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်မြို့နယ်အတွင်း Solar Power Plant နှင့် Wind Turbine Power Plant နှစ်မျိုးအသုံးပြု၍ မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအစီအစဉ်များရှင်းလင်း

**ပုသိမ် ဇူလိုင် ၇**

Galaxy Red Star ကုမ္ပဏီလီမိတက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း Solar Power Plant နှင့် Wind Turbine Power Plant နှစ်မျိုးအသုံးပြု၍ မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအစီအစဉ်များ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ကုမ္ပဏီမှတာဝန်ရှိသူများက Solar Power၊ Wind Turbine Power အသုံးပြု၍ (Zero Carbon)အဖြစ် လျှပ်စစ်ထုတ်လုပ်နိုင်မှု၊ ဓာတ်အားပေးစက်ရုံ စမ်းသပ်စစ်ဆေးရေး ဝန်ဆောင်မှုများ၊ Solar Power Plant နှင့် Wind Turbine Power Plant နှစ်မျိုးအသုံးပြု၍ မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်ရရှိရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်က သောင်းတိုင်ကုန်းကျေးရွာ အဝင်လမ်းနှင့် အုန်းပင်စုကျေးရွာကုန်ထုတ်လမ်းဘေးဝဲ၊ယာ တစ်လျှောက်တွင် စိုက်ပျိုးကြစဉ်။ ခင်ခင်မာ(ပြန်/ဆက်)

## MSME One Stop Service Center တည်ထောင်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဇူလိုင် ၇**

MSME ယာယီမှတ်ပုံတင်လက်မှတ်အသစ်နှင့် သက်တမ်းတိုး/ပြင်ဆင်သည့် MSME ယာယီမှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးနိုင်ရေး MSME One Stop Service Center တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အတ္ထရုံခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌ မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဇေယျာဦးက အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် MSME အေဂျင်စီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး နိုင်လယိတမက အကြံပြုဖြည့်စွက်ဆွေးနွေးပြီး မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော မွန်ပြည်နယ် MSME အေဂျင်စီအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဟသ်ာတမြို့၌ ပြည်သူ့စကားဝိုင်းကျင်းပ

ဟသ်ာတ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ ဟသ်ာတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက ဦးဆောင်ကာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာယုနန္ဒာအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးလှမင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်တို့က ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အစိုးရမှ



အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အိမ်သုံးလျှပ်စစ်ပစ္စည်း ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်

မန္တလေး ဇူလိုင် ၇

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အိမ်သုံးလျှပ်စစ်ပစ္စည်း ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ ပြုလုပ်သည်။

အခမ်းအနားတွင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၆ ရက်မှ ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦးတက်ရောက်ကြကြောင်း သိရသည်။ **မြင့်မော်ထွန်း၊ အောင်/စံ**

# လှည်းကူးပညာရေးဒီကရီကောလိပ်၌ ကျောင်းကောင်စီအသင်းအလိုက် မိုးရာသီဘော်လီဘောပြိုင်ပွဲ ကျင်းပ



လှည်းကူး ဇူလိုင် ၇

လှည်းကူးပညာရေးဒီကရီကောလိပ် အားကစားခန်းမတွင် ယနေ့နံနက်ပိုင်းက ကျောင်းကောင်စီအသင်းအလိုက် မိုးရာသီဘော်လီဘောပြိုင်ပွဲကို ကျင်းပသည်။

ဦးစွာ လှည်းကူးပညာရေးဒီကရီကောလိပ်မှကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ အမျိုးသားဘော်လီဘောအသင်းငါးသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **အိရွှေစင်လတ်(ပြန်/ဆက်)**



# လပွတ္တာမြို့နယ်၌ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

လပွတ္တာ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းပေါင်းစုံ U–14 ကျောင်းသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေသူရိန်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အထက(၁)အသင်းနှင့် အထက(၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၃)အသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုရရှိသည့်အသင်းများနှင့် အားကစားသမားများအား လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း ရတနာပုံအသင်းကို အနိုင်ယူပြီး ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိက ပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ကို ဇူလိုင် ၇ ရက်က ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။



ရတနာပုံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး ဝင်းသီဂီထွန်း ဦးဆောင်ပြီး ဖိလစ်ပိုင် ကစားသမားသုံးဦးကို အမာခံထားကာ ပြည်တွင်းလူငယ် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းသည် ယခုပွဲတွင် မထင်မှတ်ဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ချန်ပီယံဆု သုံးကြိမ်ရဖူးပြီး အမျိုးသမီးလိဂ် အစပိုင်းကာလတွင် အောင်မြင်မှုများ ဆက်တိုက်ရယူကာ ကြီးစိုးထားသည့် မြဝတီအသင်းသည် ယခုရာသီအစတွင် သုံးပွဲဆက်တိုက်အရေးနိမ့်ထားသော်လည်း ယခုပွဲတွင် ရတနာပုံအသင်းကိုနောက်ကျဂိုးဖြင့် အနိုင်ယူကာ ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ရတနာပုံအသင်းသည် အချိန်အများစု ဖိကစားနိုင်သော်လည်း အဆုံးသတ်ပိုင်းတွင် လိုအပ်ချက်များရှိခဲ့သဖြင့် ဂိုးမရဘဲ ၇၈ မိနစ်တွင် မြနှင်းဝေက မြဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုး သွင်းယူခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို မြဝတီအသင်းမှ မြနှင်းဝေကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ်(၄) နောက်ဆုံးနေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ သုဝဏ္ဏကွင်း၌ ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–ကိုညီလေး**

**ဓာတ်ပုံ – MWL**

*** စပိန်အသင်းမှ**

လူစားဝင်ကစားသမားမာရီနိုရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ စပိန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရပြီး ပေါ်တူဂီအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြောက်ကြိမ်အထိ ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့ ကမ္ဘာ့ဖလားဆက်လက်ကစားခွင့်လည်း အဆုံးသတ်ခဲ့ရပြီဖြစ်ပါတယ်။

စပိန်အသင်းကတော့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်မှာ ဘယ်လ်ဂျီယံအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ (၁၆)သင်းအဆင့်မှာ ပူးတွဲအိမ်ရှင်အမေရိကန်အသင်းကို လေးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အမေရိကန်အသင်းအနေနဲ့ ဘယ်လ်ဂျီယံအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရပြီဖြစ်တာမို့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ပူးတွဲ အိမ်ရှင်အသင်းအားလုံးပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

**ငွေကြယ်**

# ဟသ်ာတမြို့နယ်၌ ရေနုတ်မြောင်းများတူးဖော်

ဟသ်ာတ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးနှင့် ပြည်သူများအတွက် သန့်ရှင်းသပ်ရပ်သော လူနေမှုပတ်ဝန်းကျင် ဖန်တီးနိုင်ရေးရည်ရွယ်၍ ယမန်နေ့က မြဝတီရပ်ကွက်၊ ကနောင်စုရပ်ကွက်နှင့် လယ်တော်ကျေးရွာအုပ်စုရှိ မြို့ဝင်လမ်းမကြီး၏ လမ်းဘေး ဝဲ/ယာ တစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# သထုံမြို့နယ်၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်

သထုံ ဇူလိုင် ၇

မွန်ပြည်နယ် သထုံခရိုင်မီးသတ်ဦးစီးမှူးရုံးမှ စီစဉ်ဖွင့်လှစ်သည့် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက သထုံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဝေယံအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့ရှိ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၅၀ တို့အား ဇူလိုင် ၆ ရက်မှ ၁၇ ရက်အထိ နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**★ မြန်မာမှ**

ဟောင်ကောင်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် တိုက်စစ်အားပြုကစားလာပြီး ၄၆ မိနစ်တွင် သူရမင်းသန့်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ဆက်တိုက်ဖိကစားလာပြီး ၆၄ မိနစ်တွင် ဇော်လင်းအောင်က ဒုတိယအနိုင်ဂိုးသွင်းယူသည်။

မြန်မာ ယူ–၂၀ အသင်းနှင့် ဟောင်ကောင် ယူ–၂၀ အသင်းတို့သည် ဇူလိုင် ၄ ရက်က ပထမခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ မြန်မာ ယူ–၂၀ အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **သတင်း–ညီမြတ်သော်တာ**

**ဓာတ်ပုံ–MFF**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ/ကတ္တရာ/ သံချောင်းလုံး/Beam | ၁၀၄၂၄၉၁ အိတ်/၅၀၀ တန်/ ၁၅၀ တန်/၁၁၄ တန် |
| (ခ) | Amphibious စက်အရံပစ္စည်းများ/ ခုတ်ခွဲခန်းသုံးပစ္စည်း | 3 Lot / 2 Lot |
| (ဂ) | Butterfly Valve/Water Meter/ Smart Meter | ၁ လုံး/၁၀ လုံး/၁၇လုံး |
| (ဃ) | Centrifugal/Submersible Motor & Pump/ မိုးကာအင်္ကျီ | 1 Lot / 1 Lot / ၁၀၀၀ ထည် |
| (င) | မြစ်ကျောက်စရစ်/မြစ်သဲကြမ်း/ လိပ်သဲကျောက်(၂)မျိုး | ၃၈၂၅၀ ကျင်း/၂၂၁၅၀ ကျင်း/ ၇၀၇.၆၈ ကျင်း |
| (စ) | Workshop Tools (၅)မျိုး | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉ -၇ -၂၀၂၆ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၁ -၇ -၂၀၂၆ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပညာ့အရိပ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မသက်မွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးနေဝင်းဦး [၉/ဝတန (နိုင်) ၁၁၉၈၂၁] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ စံသရဖူကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မောင်စိုင်းသုခမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးရွှေမောင် [၅/ဟမလ (နိုင်) ၁၁၂၀၁၃]ဖြစ်ပါကြောင်း။

**ဦးရွှေမောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်၊ အမှတ်(၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Grade-2 အောင်မြင်ခဲ့သည့် မသဉ္ဇာထက်ဖြိုး၏ ဖခင် အမည်မှန်မှာ ဦးခိုင်စိုးလွင် [၅/အရတ (နိုင်) ၁၆၉၁၆၂] ဖြစ်ပါကြောင်း။

**ဦးခိုင်စိုးလွင်**

## အမည်မှန်

သထုံမြို့နယ်၊ အ.လ.က သုဓမ္မဝတီကျောင်း Grade-6 တွင် ပညာသင်ကြားနေသော (အဖ) ဦးသန်းထွန်းနိုင်၏သား မောင်သန့်ဇင်ထက်၏ အမည်မှန်မှာ မောင်သန်းဇင်ထက် ဖြစ်ပါကြောင်း။

**မောင်သန်းဇင်ထက်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၁)၊ ဦးပိုင်အမှတ်(၁၉)၊ ၅၃x၅၄ကြား၊ မင်းကြီးရန်နောင်နှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဒူးရှင်လန် [၁၃/လရန(နိုင်) ၀၅၀၈၁၉]က အမှုတွဲအမှတ် (၀၇၄၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၀)၊ ဦးပိုင်အမှတ်(၃၇)၊ ၆၃x၆၄ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှရှိန် [၉/ပသက(နိုင်)၀၃၂၃၆၈]က အမှုတွဲအမှတ်(၀၇၂၂/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်(၂)၊ အမည်- ၆၆၅-B/ ကညင်ပင်ချောင်းမြောက်၊ ဦးပိုင်အမှတ်(၁၈/ဃ-၁)ရှိ အကျယ်အဝန်းဧရိယာ (၃.၃၁)ဧက၊ ဦးပိုင်အမှတ်(၃၀/က)ရှိ အကျယ်အဝန်းဧရိယာ (၄.၆၂)ဧက၊ ဦးပိုင်အမှတ်(၃၀/ခ)ရှိ အကျယ်အဝန်း ဧရိယာ(၄.၈၈)ဧက၊ ဦးပိုင်အမှတ်(၃၁/က)ရှိ အကျယ်အဝန်း ဧရိယာ (၅.၃၂)ဧက၊ ဦးပိုင်အမှတ် (၃၂/က)ရှိ အကျယ်အဝန်း ဧရိယာ (၄.၁၁)ဧက၊ စုစုပေါင်းလယ်မြေဧရိယာ (၂၂.၂၄)ဧကရှိသော လယ်မြေ(၅)ကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ လယ်မြေ (၂၂.၂၄)ဧကရှိ ဦးအောင်ထွေး [၁၂/မဂတ(နိုင်)၀၇၇၂၂၀]၊ ပုံစံ(၇) အမည်ပေါက်ပိုင် လယ်မြေများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလွင်ဦး [၁၂/တမန(နိုင်) ၁၀၉၀၇၉] ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူလယ်မြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ တရားဝင်ဝယ်ယူပြီး လက်ရှိထားပိုင်ဆိုင်သည့် လယ်မြေများဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလွင်ဦးသည် အဆိုပါလယ်မြေများအား မည်သူတစ်ဦးတစ်ယောက်ကိုမှ ပြန်လည်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းပေးအပ်ထားခြင်းနှင့် မြေကွက်အတွင်း ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားခြင်းတို့ လုံးဝမရှိသည့်အပြင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှလည်း အဆိုပါ ကိစ္စနှင့်ပတ်သက်၍ အခွင့်အာဏာပေးအပ်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အဆိုပါ လယ်မြေ(၅)ကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းလွင်ဦး၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲအပ်ခြင်းတို့မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးတင်မောင်သိန်း | ဒေါ်ဖြူဖြူလွင် | ဒေါ်မွန်မွန်စိုး |
|---|---|---|
| (B.A, R.L, D.B.L, D.I.L) | (LL.B, D.B.L, D.I.L, D.M.L) | (LL.B, D.B.L) |
| (စဉ် - ၅၃၃၈) | (စဉ် - ၁၀၃၆၃) | (စဉ်- ၁၁၀၃၅) |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ (၂၈)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၀၇၆၁၅၈ ဖုန်း-၀၉-၄၄၄၀၆၇၄၂၃**

## မွေးသက္ကရာဇ်အမှန်

